


# ပြီးပြီးသားအကြောင်းရှိကြလို့ ဒီလိုဆရာကောင်းနဲ့ ကြုံရတာ

## ဝိသုဒ္ဓိ-၇-ပါး

ဟောကြားသည့်နေ့
၂၀-၉-၆၁

၁၃

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၀) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ပြီးပြီးသားအကြောင်းရှိကြလို့ ဒီလိုဆရာကောင်းနဲ့ ကြုံရတာ

# (ဝိသုဒ္ဓိ–၇ပါး)

(၂၀-၉-၆၁)

စာမူခွင့်ပြုချက် ၆၄၂/၉၅ (၁)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ပြီးပြီးသားအကြောင်းရှိကြလို့ ဒီလိုဆရာကောင်းနဲ့ကြုံရတာ (ဝိသုဒ္ဓိ–၇ပါး)

(၂၀-၉-၆၁)

ကိုင်း. . . ဒကာ ဒကာမတွေ တရားနှလုံးသွင်းကြ၊ တရားဟောတာ နားကထောင်ပြီးသကာလ ဉာဏ်က ခန္ဓာကိုယ်လှည့်ပြီး နာကြလို့ရှိရင်ဖြင့် တရားပွဲအဆုံးမှာ သောတာပန် စသည်ဖြစ်ဖို့ရာ အလွယ်ကလေးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတယ်. . . (မှန်ပါ့)။

## ကျွတ်ရေး၊လွတ်ရေး၊အလွယ်လေးနဲ့ ဖြစ်နိုင်တယ်

နားကတော့ ဘုန်းကြီးပြောတာတွေ နာကြပေါ့ဗျာ. . ။ (မှန်ပါ့)၊ ဉာဏ်က သစ္စာပြောနေတယ်ဆိုတာကလေးကို ဉာဏ်က ဦးတည်ပြီးသကာလ နေတုန်းကို ဉာဏ်နဲ့ခန္ဓာကိုယ်၏ အနိစ္စအဖြစ်နဲ့ တွေ့သွားလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ပါရမီတွေကလည်း ပြည့်စုံပြီးသားမို့ ဒီနေရာ, ဒီဌာနရောက်လာတော့ ကျွတ်ရေး၊ လွတ်ရေး အလွယ်ကလေးနဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ဥစ္စာ ဒကာကြွယ် မှတ်ထားရလိမ့်မယ်. . . ။ (မှန်ပါ့ဘုရား)။

ပါရမီတွေ၊ ဘာတွေ ဘာမှ စဉ်းစားပြီး သကာလမနေဘဲနဲ့ ပြည့်စုံပြီးသားဆိုတာကိုလည်း သေသေချာချာကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချထားပါ. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ပြည့်စုံပြီးသားနော်. . . ။ (မှန်ပါ့)၊ ပြည့်စုံပြီးသားကို မပြည့်စုံဘူးထင်ရင်လည်း ဒကာသစ် လွဲလိမ့်မယ်. . . ။ (မှန်ပါ့)။

## ပါရမီတွေကပြည့်စုံပြီးသား

ပြည့်စုံပြီသား၊ မပြည့်စုံဘူးထင်ရင်. . . (လွဲပါတယ်ဘုရား)၊ လွဲလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေသေသေချာချာ မှတ်ထားရမယ်. . . ။ (မှန်လှပါဘုရား)။

ပြည့်စုံတာကို ဘုန်းကြီး ထောက်ခံချက်ပေးပါမယ်. . . ။ (မှန်ပါ့)၊ ဘုရားသာသနာနဲ့ကြုံခြင်းလည်း ပြည့်စုံခြင်းတစ်မျိုး. . . (မှန်ပါ့)၊ သစ္စာတရားဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ခြင်းဟာလည်း. . . (ပြည့်စုံခြင်းတစ်မျိုးပါဘုရား)၊ ထောင်တတ်တဲ့နားနဲ့ ခင်ဗျားတို့ပြည့်စုံခြင်းဟာလည်း. . . (ပြည့်စုံခြင်းတစ်မျိုးပါဘုရား)၊ တစ်မျိုးပဲဆိုတာ သေချာတယ်. . . (မှန်ပါ့)။

ထောင်တတ်နဲ့နားရှိပြီးသကာလ ကျင်တဲ့အလုပ်ကို မလုပ်ဘဲ နေပြန်လည်း မဖြစ်လို့ အခုလုပ်ဆဲဖြစ်နေပြန်တော့လည်း ပါရမီပြည့်လို့လို့မှတ်ပါ. . . ။ (မှန်ပါ့)၊ သဘောကျပလား. . . ။ (ကျပါပြီဘုရား)။

အဲဒါ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ ကိုယ်တော်တိုင် ပါရမီပြည့်-မပြည့် ဆုံးဖြတ်ချက်ချတဲ့နေရာ အခုပြောတဲ့ ငါးချက်ကို သေသေချာချာပြတယ်. . . (မှန်ပါ့)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ကိုယ့်စိတ်ဟာ နောက်ကို မဆုတ်ဘဲနဲ့ ဩော်. . . ပြည့်စုံပြီးသား ပုဂ္ဂိုလ်ဟာဖြင့် နောက်ပြန်လှည့်နေဖို့ မလိုဘူး၊ ပြည့်စုံသည်ထက် ပြည့်စုံပြီး ကိစ္စပြီးအောင်သာ ကိုယ်ဂရုစိုက်ဖို့ လိုတော့တယ်ဆိုတာ ဒကာကြွယ်တို့၊ ဦးမာဒင်တို့ ဆုံးဖြတ်ချက်ချပါ. . . ။ (မှန်ပါ့)၊ ရှင်းပြီးနော်. . . ။ (ရှင်းပါပြီဘုရား)။

## လျှပ်စစ်ဝင်းခနဲလင်းသလောက်

ပြီးတော့လည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတာရှိတယ်ကွာ. . . တဲ့၊ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ မင်းတို့ လောဘ၊ ဒေါသ၊ မောဟ တွေ မိုးမှောင်ကျနေတဲ့အထဲမှာ၊ ခုနစ်ရက် မိုးမှောင်ကျနေတဲ့ အထဲမှာ လျှပ်စစ်ဝင်းခနဲ လင်းသလောက် ငါဘုရားပွင့်တာနဲ့ ချိန်လိုက်လို့ရှိရင် ဆိုလောက်ပါတယ်တဲ့. . .။ (မှန်ပါ့)။

ခုနစ်ရက် မိုးမှောင်နေတဲ့အထဲ လျှပ်စစ်တစ်ခါလင်း တာနဲ့ နှိုင်းချိန်လိုက်လို့ရှိရင် လျှပ်စစ်လင်းတာဟာ ဒကာသစ် တို့ မပြောပလောက်ဘူး. . .။ (မှန်ပါ)၊ ပြောပလောက်ပါ့မ လား. . .။ (မပြောပလောက်ပါဘုရား)။

အဲဒီအထဲ ကြုံလို့ရှိပြန်လို့ရှိရင်လည်း ငါဘုရား သာသနာအလင်းကလေးထဲ ကြုံလို့ရှိရင်လည်း ပါရမီပြည့် သားပဲ. . .။ (မှန်ပါ့)၊ ဆိုတော့ ကျုပ်တို့စဉ်းစားခန်းရှည်ရှည် ထုတ်မနေပါနဲ့ဆိုတာ သတိပေးလိုက်တယ်. . . (မှန်ပါ့)။

စဉ်းစားခန်း. . . (ရှည်ရှည်ထုတ်မနေပါနဲ့ဘုရား)၊ စဉ်းစားခန်းရှည်ရှည်ထုတ်လေ ဒကာကြွယ်ရေ နောက်ဆုတ် လေပဲ. . .။ (မှန်ပါ)။

စဉ်းစားခန်း ရှည်ရှည်ထုတ်လေ. . . (နောက်ဆုတ် လေပါဘုရား)။

အဲဒါတွေကို ဘာမှမယောင်ကြဘဲနဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဩော်. . . ခုနစ်ရက် ခုနစ်လီ မိုးမှောင်ကျနေတဲ့အထဲ လျှပ်စစ်လင်းသလောက် အထဲမှာ၊ တို့သာသနာအလင်းရောင်ထဲမှာ လာကြုံနေတာဖြင့် ဒါ တို့က လုံ့လဝီရိယကလေးဖြင့် ပြင်းပြင်းထန်ထန်လိုက်လိုက်လို့ရှိရင် ကြုံတဲ့ပုဂ္ဂိုလ်သည် ပြီးပြီးသားကိစ္စ ဖြစ်နိုင်တယ်ဆိုတဲ့ဥစ္စာဖြင့် ခင်ဗျားတို့ပဲ ဆုံးဖြတ်ချက်ချပါလို့ ပြောလိုက်တယ်နော်. . .။ (မှန်ပါ့)။

## ပြီးပြီးသားအကြောင်းရှိပါတယ်မငိုနဲ့တဲ့

ကြည့်စမ်းပါလား၊ ရှင်အာနန္ဒာဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံမယ်ဆိုတော့ သူ အင်မတန်ချုံးပွဲချပြီး ငိုတဲ့အချိန်မှာ မင်း. . . ပြီးပြီးသား အကြောင်းရှိပါတယ်ကွာလို့ ဟောတယ်. . . (မှန်ပါ့)။

ပြီးပြီးသားအကြောင်းရှိပါတယ်ဆိုတော့ သူနဲ့တွေ့ကတည်းက ပြီးပြီးသားအကြောင်း. . . (မှန်ပါ့)၊ သူ့သာသနာနဲ့ တွေ့ရင်ကော. . . (ပြီးပြီးသားအကြောင်းပါဘုရား)။

အဲ. . . မင်း မငိုနဲ့ကွဆိုတော့ ပြီးပြီးသား အကြောင်းရှိလို့ မင်း ငိုစရာအကြောင်း မလိုပါဘူးကွဆိုတာ ဘုရားသခင်

ကိုယ်တော်မြတ်ကြီး ပြောထားခဲ့တော့ နောက် ကြည့်စမ်းပါလား၊ ပရိနိဗ္ဗာန်စံပြီး သံဂါယနာတင်ကာနီးကျတော့ သူသည် ဒကာဒကာမတို့ ပြီးပြီးသား အကြောင်းရှိတဲ့ ပုဂ္ဂိုလ်ပဲ ဆိုပြီးသကာလ ကြိုးစားလိုက်တော့ စကြံနဲ့ချည်းပဲ ဖြစ်ပျက် ကြိုးစားလိုက်တာ မိုးလင်းကာနီးတောင် ဝီရိယလွန်နေလို့ ဦးမာဒင် မရဘူး. . .။ (မှန်ပါ့)၊ ဝီရိယလွန်နေတဲ့ ဒကာ ဒကာမတို့ မရဘူးနော်. . .။ (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဝီရိယနဲ့ သမာဓိက မမျှဘဲနဲ့ သမာဓိက နောက်ကျ၊ ဝီရိယရှေ့သွားနေပြန်တော့လည်း အမောသာ ဆိုက်၍ နိဗ္ဗာန်ကြီးဟာ ရှင်းရှင်းလေး မမြင်လာဘူး. . .။ (မှန်လှပါဘုရား)။

ဒါနဲ့ သူ့စိတ်ထဲမှာတော့ မလျှော့ပါဘူး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့ကို ပြီးပြီးသား အကြောင်းရှိတယ်လို့ ဟောထားတာပဲ. . .၊ ရ, ရမှာပဲဆိုပြီးသကာလ သူသည် ကြိုးစားလိုက်ပါတယ်. . .။ (မှန်ပါ့)။

ကြိုးစားလိုက်တော့ ဝီရိယတွေ ပြင်းထန်နေတာနဲ့ ဒကာသစ် ဝီရိယနဲ့ သမာဓိက မညီပြန်ဘူး. . .။ (မှန်ပါ့)၊ မညီပြန်တော့လည်း လမ်းသွားရင်း စကြံအတွင်း ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို မမြင်ဘူး. . .။ (မှန်ပါ့)၊ ဒကာကြွယ် ဘာလွန်နေသလဲ. . .။ (ဝီရိယလွန်နေပါတယ်ဘုရား)။

## ဝီရိယလွန်ပြန်ရင်လည်းမရဘူး

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေလည်း ဝီရိယလွန်နေပြန်ရင်လည်း မရဘူးလို့ မှတ်ရမယ်. . .။ (မှန်ပါ့)။

လိုချင်လွန်းအားကြီးလို့ ဝီရိယလွန်ရင်. . . (မရပါဘုရား)။

ဒါဖြင့် ဝီရိယနဲ့ သမာဓိကို ခန္ဓာကိုယ် ဖြစ်ပျက် အနိစ္စ ရှိတဲ့ဆီကို သူ မလွန်-ငါ မသာရအောင် ဒကာသစ်ရေ တွဲလွှတ်ပါ. . .။ (မှန်ပါ့)။ ရိပ်မိပလား. . .။ (ရိပ်မိပါပြီဘုရား)။

အဲဒီလိုဆိုလို့ရှိရင် ဝီရိယကလည်း မလွန်စေနဲ့ သမာဓိကလည်း မလွန်စေနဲ့. . .။ (မှန်ပါ့)၊ သူတို့ကတော့ တွဲတော့ တွဲဖက်ပဲ. . .။ (မှန်ပါ့)၊ တွဲဖက်မှာ တစ်ခုခုလွန်တော့၊ ဝီရိယလွန်တော့ စိတ်က ရမှာမဟုတ်ပါဘူးဆိုတဲ့ ဥဒ္ဓစ္စဘက်ပြေးတတ်တယ်. . .။ (မှန်ပါဘုရား)။

## သမာဓိလွန်ပြန်ရင် ထိနမိဒ္ဓ

သမာဓိလွန်ပြန်တော့လည်း ထိနမိဒ္ဓိဆိုတဲ့ ငိုက်မျဉ်းတဲ့ဘက် ပြေးတတ်တယ်. . .။ (မှန်ပါ့)၊ ဒါကြောင့် သူတို့နှစ်ခုညီအောင်ထားပြီး ဒကာဒကာမတွေက သာသနာတွင်းသားဖြစ်နေရင် ရ, ရမယ်. . .၊ မညီလို့မရတာဘဲဆိုပြီး ညှိပေး. . .။ (မှန်ပါ့)။

ဒကာကြွယ် အခုပြောတဲ့အချက်တွေဟာ အရေးကြီးတယ်နော်. . . ။ (မှန်ပါ့)၊ ဘာဖြစ်လို့တုံးဆိုတော့ လိုချင်လို့ လုပ်ပြန်ပါသော်လည်း၊ လွန်တာ ကျုံ့တာရှိနေရင်လည်း ဆရာက ညှိမပေးလို့ရှိရင် ဒကာကြွယ် နည်းမမှန်လို့ မရတာလည်း ရှိသေးတယ်. . . ။ (မှန်ပါ့ဘုရား)။

အဲဒီတော့ အားလုံးတရားနာလာကြတဲ့ ဒကာဒကာမတွေ အားလည်း ထုတ်ကြပါ. . . ။ (မှန်ပါ့)၊ အားထုတ်ကြတဲ့အခါ ဝီရိယလည်း မလွန်စေနဲ့. . . ။ သမာဓိလည်း မလွန်စေနဲ့. . . ။ (မှန်ပါ့)၊ သမာဓိလွန်ရင် ငိုက်မျဉ်းတဲ့ဘက်သွားပါတယ်. . . ။ (မှန်ပါ့)၊ ဝီရိယလွန်ရင် ဥဒ္ဓစ္စဘက်သွားပါတယ်. . . ။ (မှန်ပါ့)။

ဥဒ္ဓစ္စဘက်သွားပြန်လည်း မရဘူး၊ ငိုက်မျဉ်းတဲ့ဘက်သွားပြန်ရင်ကော. . . (မရပါဘုရား)၊ မရတော့ သူတို့နှစ်ခုဟာ တစ်ခုခုလွန်ရင် စောင်းတယ်. . . ။ (မှန်ပါ့)။

## ဝီရိယနဲ့ သမာဓိညီညွတ်ပါစေ

ဒါကြောင့် ဦးမာဒင်တို့လူစုက ဝီရိယနဲ့ သမာဓိကို ညီအောင် နွားနှစ်ကောင် ကြိုးစုံကိုင်ပြီး မောင်းသလို. . . (မှန်ပါ့)၊ တစ်ခါတည်း ဖြစ်ပျက်ရှိတဲ့ဘက်ကိုစုံ၊ သူမသာ ငါမသာ လွတ်ရမယ်. . . ။ (မှန်ပါ့ဘုရား)။

ဒကာကြွယ် ရိပ်မိပြီလား. . . ။ (ရိပ်မိပါပြီ)၊ ဝီရိယနဲ့ သမာဓိကို သူမသာ. . . ငါမသာဖြစ်ပျက်တဲ့ဆီ လွှတ်ပေး ပါ. . . ။ (မှန်ပါ့)၊ ရိပ်မိပြီလား. . . ။ (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သာသနာတွင်းသားဖြစ်ပေမယ့်လည်း အညှိကလေး လိုနေပြန်တော့လည်း အချိန်ကြာတတ် တယ်. . . ။ (မှန်ပါ့)၊ အခုတော့ ဆရာဘုန်းကြီးက ဟာ. . . ဒကာကြီးဦးမာဒင်၊ ဒကာသစ်အားလုံး ဒကာ ဒကာမတို့ ဝီရိယနဲ့ သမာဓိကို ညီနေအောင် ခန္ဓာဖြစ်ပျက်တဲ့ဆီ လွှတ်ပါ. . . ။ (မှန်ပါ့)၊ ဘာဖြစ်လို့တုံး၊ ခင်ဗျားတို့ရှုတဲ့ မဂ္ဂင်ငါးပါးထဲမှာ ဝီရိယနဲ့ သမာဓိက ပါပြီးသားဖြစ်နေ တယ်. . ။ (မှန်ပါ့)။

## သဒ္ဓါနဲ့ ပညာညီညွတ်ပါစေ

နောက်တစ်ခါ ညီညွတ်ဖို့ရာက သဒ္ဓါဆိုတဲ့ သဒ္ဓါ တရားရှိလို့ ဒီအလုပ် လုပ်တာ. . . ။ (မှန်ပါ့)၊ သဒ္ဓါနဲ့ပညာ နဲ့ကိုလည်း ဒကာကြွယ်တို့၊ ဦးမာဒင်တို့ ညီနေအောင် လွှတ်ပါ. . . ။ (မှန်ပါ့)။

သဒ္ဓါနဲ့ပညာကို. . . (ညီနေအောင် လွှတ်ရပါမယ်)၊ ဖြစ်ပျက်ရှိတဲ့ဆီကိုနော်. . . ။ (မှန်ပါ့ဘုရား)၊ သဒ္ဓါပညာ ဘာလုပ်မလဲ. . . ။ (ညီအောင်လုပ်ရပါမယ်ဘုရား)။

ညီအောင်လွှတ်လိုက်ပါ၊ သဒ္ဓါလွန်ပြန်တော့လည်း ဒကာဒကာမတို့ သဒ္ဓါလွန်တဲ့အခါကျလို့ရှိရင်လည်း ဟိုဘက်ကို သွားတတ်တယ်ဆိုတာ ဆိုးရွားပါတယ်. . . ။ (မှန်ပါ့)၊ တဏှာဘက်ပြေးသွားတယ်။ (မှန်ပါ့)၊ ဘုရားကို ကြည်ညိုပါတယ်. . . ကြည်ညိုပါတယ်ဆိုပြီး ခင်တဲ့ဘက် ပြေးသွားတယ်. . . ။ (မှန်ပါ့)၊ ဒါလည်း မကောင်းဘူး. . . ။ (မှန်လှပါ)

ပညာလွန်ပြန်တော့လည်း၊ အတွေးအဆပညာက ထက်မြက်ပြန်တော့လည်း ကောက်ကျစ်တဲ့ဘက် ပြေးတယ်. . . ။ (မှန်ပါ့)၊ သဘောကျပလား. . . ။ (ကျပါပြီ)။

ဒါဖြင့် သဒ္ဓါနဲ့ပညာကိုလည်း သဒ္ဓါက ယုံကြည်ကြရမယ်ဆိုတာ ယုံကြည်မှ. . . (မှန်ပါ့)၊ ပညာကလည်း အင်း. . . ဆိုက်ခနဲ ဆိုက်ခနဲ ဖြစ်ပျက်နဲ့ ကိုက်အောင်လုပ်ပါ. . . ။ (မှန်ပါ့)။

အဲဒီတော့ သစ္စာနဲ့ပညာ ညီပြန်လို့ရှိရင်လည်း ဒကာကြွယ်၊ ဦးမာဒင်တို့လိုက်. . . ။ (မှန်ပါ့)။

ဒါဖြင့် ဝီရိယနဲ့ သမာဓိကိုလည်း ညီညွတ်အောင်လွှတ်ပါ၊ သဒ္ဓါနဲ့ပညာကိုလည်း. . . (ညီညွတ်အောင် လွှတ်ရပါမယ်ဘုရား)၊ ဘယ်ဟာကို လွှတ်ရမှာပါလိမ့်. . . (ဖြစ်ပျက်ဆီလွှတ်ရမှာပါဘုရား)၊ ဒကာသစ် နေရာကျပြီ. . . ။ (မှန်ပါ့)။

## သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ ညီညွတ်အောင် လုပ်ပါ

ဖြစ်ပျက်ရှိတဲ့ဆီကို ဦးမာဒင်ရေ. . . ဒီလေးခု စုံလွှတ်ရမယ်. . . (မှန်ပါ့)၊ စုံလွှတ်တဲ့ အခါကျလို့ရှိရင် ပညာ မလွန်တော့လည်း ကောက်ကျစ်စဉ်းလဲတဲ့ သဘောတရား ဝင်ခွင့်မရဘူး. . .။ (မှန်ပါ့)၊ အဲဒါကြောင့် သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိကိုဖြင့် ဣန္ဒြေညီညွတ်အောင်လုပ်၊ ဒါပါ ပဲ. . .။ (မှန်ပါ့)။

အဲဒီတော့ ပါရမီပြည့်စုံပြီးသားဟာလည်း ညှိပေး မယ့် ဆရာသမား ကင်းပြန့်လို့ရှိရင်လည်း ဒကာသစ်ရေ. . . အချိန်နှောင်းသွားတယ်. . .။ (မှန်ပါ့)။

## တစ်ခါတည်းခရီးပေါက်ဖို့ပြောနေတာ

အားလုံး ဒကာဒကာမတွေ ဒီနေ့ပြောတဲ့စကားဟာ အလုပ်သမားမှာ တစ်ခါတည်း ခရီးပေါက်ဖို့ ပြောနေတယ် လို့ မှတ်ရမယ်. . .။ (မှန်လှပါ)၊ အလုပ်သမားမှာ. . . (ခရီး ပေါက်ဖို့ ပြောနေပါတယ်ဘုရား)။

အဲဒီတော့ ဒါ. . . ခရီးဟာ ကန့်လန့်ဖြစ်တာတွေ ဒကာကြွယ် ဖော်ပြနေတယ်။ (မှန်လှဘုရား)၊ နိဗ္ဗာန်သွားတဲ့ ခရီးဖော် သူတို့ မဖြောင့်လို့ မဂ္ဂင်လမ်းပေါ် မရောက်ဘဲနေမှာ

စိုးလို့ ပြောနေတယ်။ (မှန်ပါ့)၊ သဘောပါကြပလား. . . ။ (ပါ-ပါပြီ)။

အဲ. . . သတိတော့ဖြင့် ဒကာ ဒကာမတို့ သေသေချာချာမှတ်ပါ၊ သတိကတော့ဖြင့် သူက ဘယ်တော့မှ လွန်တယ် မရှိဘူး၊ သတိက လိုတာသာရှိတယ်. . . ။ (မှန်ပါ့)၊ တခြားသော တရားများကဲ့သို့ လွန်တယ်လို့ မရှိပါဘူး. . . ။ (မှန်ပါ့)။

အဲဒီတော့ သတိတော့ဖြင့် ဒကာကြွယ်တို့၊ ဦးမာဒင်တို့က မလစ်စေနဲ့. . . ။ (မှန်ပါ့)၊ မလစ်စေနဲ့ဆိုတော့ ဖြစ်ပျက်ပေါ်တိုင်း ပေါ်တိုင်း သတိထားမယ်၊ သဒ္ဓါနဲ့ပညာလည်း ညီအောင် လုပ်မယ်၊ ဝီရိယနဲ့ သမာဓိကော. . . (ညီအောင် လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် ဒီငါးခုဆိုလို့ရှိရင် မဂ္ဂင်ငါးပါးညီညွတ်သွားလို့ ရှိရင်ကွာ. . . တဲ့၊ မင်းတို့ ဣန္ဒြေညီတဲ့အတွက် ဘယ်နည်းနဲ့မှ မရမရှိပါဘူး. . . ။ (မှန်ပါ့)၊ ဆိုတော့ ဒကာသစ် သိပ်အားရှိစရာ ကောင်းပါကလား. . . ။ (ကောင်းပါတယ်ဘုရား)။

ဒကာကြွယ် ဒီအတိုင်း ညှိရမှာနော်. . . ။ (မှန်ပါ)၊ သစ္စာနဲ့ ပညာ ဘာလုပ်ရမလဲ. . . ။ (ညီအောင်ညှိရပါမယ် ဘုရား)၊ ဝီရိယနဲ့ သမာဓိ (ညီအောင် ညှိရပါ့မယ် ဘုရား)၊ သတိကို ဘယ်တော့မှ မလစ်ရဘူး. . . ။ (မှန်ပါ့)၊ ရှင်းပြီနော် (ရှင်းပါပြီ)။

အဲဒီကဲ့သို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက ဩော် ငါ ပါရမီရှိလို့ မဟုတ်ပါဘူး၊ ပါရမီက ဆရာဘုန်းကြီး တရားဟောစက ပြောခဲ့ပြီ၊ ပြည့်ပြီးသား ပုဂ္ဂိုလ်တွေ. . . (မှန်ပ့ါ)၊ ဘယ့်နှယ်ကြောင့် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို ငါ မမြင်သေးပါလိမ့်မတုံးလို့ တွေးလုံးထုတ်လို့ရှိရင် ဒီလေးခု တစ်ခုခု လွန်နေပါလိမ့်မယ်. . . ။ (မှန်ပ့ါ)။

## ရှင်အာနန္ဒာတစ်ညလုံး အားထုတ်တယ်

အဲဒီတော့ ခုနင်က ရှင်အာနန္ဒာ ပြန်ကောက်လိုက်၊ ရှင်အာနန္ဒာသည် တစ်ညလုံး စင်္ကြံသွားပြီး အားထုတ်တော့ ဦးမာဒင်ရေ. . . ဝီရိယလွန်နေတယ်. . . ။ (မှန်ပ့ါ)၊ သမာဓိ က နည်းတယ်. . . ။ (မှန်ပ့ါဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ဩော်. . . မိုးကလည်း လင်းတော့ မယ်၊ မိုးလင်းလို့ရှိရင် ပထမသံဂါယနာတင်ပွဲ ရဟန္တာတွေ ပွဲထဲလည်း သွားရတော့မယ်. . . ။ (မှန်ပ့ါ)၊ ငါကလည်း အခု အရဟတ္တဖိုလ် မဆိုက်သေး၊ ရဟန္တာအဖြစ်သို့ မရောက်သေး၊ သောတာပန်ကတော့ ရှင်ပုဏ္ဏက ဟောထားလို့ တည်ပြီး ပြီ. . . ။ (မှန်ပ့ါ)။

ဘုရားကတော့ ဗျာဒိတ်ထားခဲ့တယ်၊ မင်းမှာ ပြီးပြီး သား အကြောင်းရှိတယ်၊ မငိုနဲ့တဲ့. . . ။ (မှန်ပ့ါ)၊ မင်းငါနဲ့

တွေ့ကတည်းက ပြီးပြီးသားအကြောင်းရှိတယ်ဆိုတာက သေချာနေတယ်. . .။ (မှန်ပါ့)၊ မသေချာဘူးလား. . .။ (သေချာပါတယ်ဘုရား)။

## ပြီးပြီးသားအကြောင်းရှိကြလို့ ဒီလိုဆရာကောင်းနဲ့ ကြုံရတာ

အဲ-ဒီဒကာ ဒကာမတွေမှာလည်း ပြီးပြီးသားအကြောင်းကရှိလို့ဒီသာသနာတော်ကြီးနဲ့ ဒီလို ဆရာကောင်း သမားကောင်းနဲ့ ဒီလိုကြုံလာတာ ဒကာသစ်-ရ ဘာမှ လိုလေသေး မရှိဘူး. . .။ (မှန်ပါ့)၊ ခုနင်က ပြောခဲ့တဲ့ အညှိကလေး မတည့်သေးလို့ ကြာနေကြတာ. . .။ (မှန်ပါ့ဘုရား)၊ သဘော ကျပလား. . .။ (ကျပါပြီဘုရား)။

ဘာကလေး မတည့်သေးလို့လဲ. . . (အညှိကလေး မတည့်သေးလို့ပါဘုရား)၊ အေး. . . ဣန္ဒြေညှိနှိုင်းမှုကလေး တစ်ခုခုလိုနေသေးလို့ ငါ ဘာဖြစ်ပါလိမ့်မတုံးဆိုတာကို ယနေ့ ဖော်ပြနေတာပဲ. . .။ (မှန်ပါ)။

ငါ. . . ဘာဖြစ်နေပါလိမ့်မတုံး၊ ရက်တွေ ကြာလိုက်တာ၊ ဘယ့်နှယ်များ ဖြစ်နေပါလိမ့်မတုံး. . . လို့ ဒကာကြွယ်က စိတ်ပျက်ချင်လည်း ပျက်လိမ့်မယ်. . .။ (မှန်ပါ့)၊ မညှိတတ်သေး၍ ဖြစ်ပါတယ်. . .။ (မှန်ပါ့)၊ ရှင်းပ

လား. . . ။ (ရှင်းပါပြီ)၊ အခုညှိတတ်ပလား. . . ။ (ညှိတတ်ပါပြီဘုရား)။

အဲ. . . ဒါကိုလည်း ကြားပေါက် ကြားပေါက် ဦးမာဒင် သတိပေးရတယ်. . . ။ (မှန်ပါ့)၊ မပေးရင် တော်ပါ့မလား. . . ။ (မတော်ပါဘုရား)၊ မတော်ဘူး-တဲ့၊ ဒီဥစ္စာ အလုပ်သမားမှာ တစ်ခါတလေ ဝီရိယလွန်နေ တစ်ခါတလေ သမာဓိက လွန်နေတတ်တော့၊ လွန်နေပြန်တော့လည်း ရက်တွေပုပ်ပြီးသကာလ ဒကာကြွယ်ရေ-ကန့်လန့်ဖြစ်နေတယ်။ (မှန်ပါ့)၊ သဘောပါပလား။ (ပါ-ပါပြီဘုရား)။

## တရားပေါ်၌ ယုံကြည်မှုရှိပါ

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သစ္စာဆိုတဲ့ တရားပေါ်၌ ယုံကြည်မှုရှိပြီး ဒီဟာရ, ရမယ်. . . ။ (မှန်ပါ့ဘုရား)၊ "သွာက္ခာတော ဘဂဝတာဓမ္မော = " ဘဂဝတော = မြတ်စွာဘုရားသည်။ ဓမ္မော = တရားကို။ သွာက္ခာတော = အကောင်းဟောထားတာ. . . ။ (မှန်ပါ့)။

ဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ သူများ ဟောတာ မဟုတ်ဘူး၊ ဘုရားကိုယ်က ကောင်းစွာ ဟောထားတာ. . . ။ (မှန်ပါ့)၊ ကောင်းကောင်းဟောထားတဲ့ တရားမို့ တို့က မကောင်းလို့လား၊ ဒီဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တအလုပ်ဟာ၊

မရသေးတာဟာ တို့ တစ်ခုခုလိုလို့ပဲ၊ ဘုရားကတော့ ကောင်းစွာ ဟောထားတာ၊ အကောင်းဖြစ်ဖို့ ဟောထားတာ၊ နိဗ္ဗာန်ရ, ရမယ်လို့ ဟောထားတာ. . . ။ (မှန်ပါ့)၊ ဒကာသစ် ဒီလိုသွားရမယ်နော်. . . ။ (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့၊ ရှင်အာနန္ဒာသည် ဝီရိယလွန်နေတယ်ဆိုတာ ပေါ်သွားပြီ. . . ။ (ပေါ်ပါပြီ ဘုရား)။

ရှင်အာနန္ဒာ ဘာလွန်နေပါလိမ့်. . . ။ (ဝီရိယ လွန်နေပါတယ်ဘုရား)၊ ဝီရိယလွန်နေတယ်ဆိုတာ ဘုန်းကြီး တို့ ဒကာဒကာမတွေ မှတ်ထားတော့၊ ကိုင်း-ဝီရိယ ခဏနား ပါဦးမယ်ဆိုပြီး သူစကြံသွားနေတဲ့ ဘေးနားမှာ အိပ်ရာ ညောင်စောင်းကလေးတစ်ခုရှိနေတယ်နော်. . . ။ (မှန်ပါ့ ဘုရား)၊ သို့သော်လည်း သတိကတော့ မလစ်ရဘူး. . . ။ (မှန်ပါ့)၊ သတိမလွတ်ဘူး၊ ဒီနေရာ ညောင်စောင်းပေါ် ခဏ တော့ ကျောကလေးလှဲလိုက်ဦးမယ်ဆိုပြီးသကာလ လှဲလိုက် တဲ့အခါမှာ ဒကာကြွယ်တို့၊ ဦးမာဒင်တို့ ဝီရိယနဲ့ သမာဓိက ညီပြီး ထွက်သွားတယ်၊ သဒ္ဓါပညာကလည်း ညီထွက်သွား တယ်. . . ။ (မှန်ပါ)။

## ရှင်အာနန္ဒာရဟန္တာဖြစ်သွားတယ်

အဲဒီမှာ ဝီရိယလျှော့လိုက်တော့၊ ညီပြီးထွက်သွားတော့ သူ ခုတင်ညောင်စောင်းပေါ်မှာ ခြေထောက်နဲ့ မြေကြီးနဲ့လည်း လွတ်ခါကလေး. . . (မှန်ပါ့)၊ ခေါင်းအုံးနဲ့ ခေါင်းနဲ့လည်း မထိသေးဘူး. . .။ (မှန်ပါ့)၊ အဲဒီကြားမှာ ရဟန္တာဖြစ်သွားတယ်. . .။ (မှန်ပါဘုရား)။

ကဲ. . . ဒကာ ဒကာမတို့ ညီညွတ်ပြန်တော့လည်း ခဏကလေး. . . (မှန်ပါ့)၊ ကြည့်လေ၊ သူ ညောင်စောင်းပေါ် တင်ပါးကလေးလွှဲပြီး ထိုင်လိုက်တော့ကို ခြေထောက်နဲ့ မြေကြီးနဲ့လည်း လွတ်ကာကလေးရှိသေးတယ်၊ ခေါင်းအုံးနဲ့ ခေါင်းနဲ့က မထိသေးဘူး၊ ဒီကြားထဲမှာ ရဟန္တာဖြစ်တယ်ဆိုတော့ ဩော်. . . ညီညွတ်တော့လည်း ခဏကလေးပါကလား။ (မှန်ပါ့ဘုရား)။

အခု ဒကာသစ်က စဉ်းစားကြည့်တာပေါ့၊ ဒီကြားဆိုတာ အချိန်များသလား. . .။ (မများပါ)၊ ခေါင်းအုံးနဲ့ လှဲအိပ်မယ်ဆိုပြီးတော့ ခြေထောက်လည်း မြေကြီးက မလွတ်၊ ခေါင်းအုံးဆီလည်း မရောက်သေးဘူး။ (မှန်ပါ့)၊ မရောက်ခင်တွင် အာသဝေါ ကုန်သွားတယ်လို့ဆိုတော့ ဒကာကြွယ်ရေ ညီညွတ်ပြန်တော့လည်း ခဏကလေးပဲဆိုတာ ဦးမာဒင်မှတ်ရမယ်. . .။ (မှန်ပါ့ဘုရား)။

## ညီညွတ်ပြန်တော့လည်း၊ ခဏလေးပါ

ဘယ်လိုမှတ်ရမယ်. . . ။ (ညီညွတ်ပြန်တော့လည်း ခဏကလေးပါ)၊ ညီညွတ်ပြန်တော့လည်း ခဏလေးပဲဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ထားတော့၊ ဩော်. . ဒါကလေးဟာလည်း အရေးကြီးတဲ့ အချက်ကလေးတစ်ခုပါလားဆိုတာ ဦးမာဒင်တို့ မှတ်ရလိမ့်မယ်. . . ။ (မှန်ပါ့)၊ ဒကာကြွယ် မှတ်ထိုက် မမှတ်ထိုက်ဗျာ. . . ။ (မှတ်ထိုက်ပါတယ်ဘုရား)။

အခု ရှင်အာနန္ဒာမှာ တစ်ညလုံးဟာဖြင့် အမောသာဆိုက်ပြီးသကာလ နိဗ္ဗာန်မျက်မှောက် မပြုနိုင်ဘူး. . . ။ (မှန်ပါ့)၊ အခုတော့ ဝီရိယကလေး လျှော့တဲ့ပြီးသကာလ ဒကာဒကာမတို့ ကဲ. . . ခဏနားပါဦးမယ်၊ ဝီရိယနည်းနည်း လျှော့ပါဦးမယ်ဆိုပြီး လျှော့လိုက်တဲ့အချိန်မှာ နဂိုက သမာဓိ ပညာတွေနဲ့သွားပြီး ညီပြန်တယ်. . . ။ (မှန်ပါ့)၊ ရှင်းပလား. . . ။ (ရှင်းပါပြီဘုရား)။

## ရဟန္တာဖြစ်ပုံ တော်တော်ထူးဆန်းတယ်

အဲဒီကဲ့သို့ ညီလိုက်တဲ့အချိန်ကျတော့ ခြေထောက်နဲ့ မြေကြီးနဲ့လည်း လွတ်ကာစ၊ ခေါင်းအုံးနဲ့ ခေါင်းနဲ့လည်း မထိခင်ကြားမှာ ရဟန္တာဖြစ်တယ်၊ အာသဝေါတွေ ကုန်တယ်

ဆိုတော့ ဒကာ ဒကာမတို့ တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲ. . .။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ယနေ့ သူ့ကို ရှင်းရှင်းလင်းလင်းပြောရသဖြင့် ဘုန်းကြီးတို့ အလုပ်သမားတွေအတွက်မှာ ဩော်. . . အလုပ်လုပ်တတ်ငြားသော်လည်း ဣန္ဒြေ အညှိက လိုပါသေးကလား. . .။ (မှန်ပါ့)။

ညှိနှိုင်းမှုကလေး. . . (လိုပါတယ်ဘုရား)။ ဒါတွေလည်း သိရတော့၊ ရှင်အာနန္ဒာကို တစ်ခါ နမူနာထုတ်လိုက်ပြန်တော့ ဒကာသစ် ကိုက်သွားတယ်. . .။ (ကိုက်ပါတယ်)၊ သူ နဂိုက ဘယ်သွားနေတာတုံ. . .။ (ဝီရိယလွန်နေတာပါဘုရား)။

အဲ. . . ဝီရိယလွန်ပြီးသကာလနေတော့ ကိုင်း. . . ခဏနားပါဦးမယ်ဆိုတော့ ဝီရိယကလေးက နည်းနည်းလျှော့မသွားဘူးလား. . .။ (လျှော့သွားပါတယ်)၊ သို့သော်လည်း ဖြစ်ပျက်ကိုတော့ သူ လက်မလွှတ်ဘူး. . . (မှန်ပါ့)၊ ဖြစ်ပျက်ကတော့ လက်မလွှတ်ဘူး ဒကာကြွယ်ရေ. . .။ (မှန်ပါ့ဘုရား)။

လက်မလွှတ်တော့၊ သတိလည်း အမြဲတမ်းရှိနေတော့၊ ဖြစ်ပျက်လက်မလွှတ်တော့ ဝီရိယကလေးလည်း သူ လျှော့ပြီးသကာလ ခဏကျောခင်းပါဦးမယ်ဆိုတဲ့ အသွား

ကလေး၊ ဒီစိတ်ကူးကလေးပေါ်လိုက်တာ၊ သို့သော် ကမ္ဘာဌာန်းမလွတ်ရဘူး. . . ။ (မှန်ပါ)၊ ဒီတော့ ခြေထောက်နဲ့မြေကြီးနဲ့လည်း လွတ်ကာစ၊ ခေါင်းအုံးနဲ့ ခေါင်းနဲ့လည်း မထိခင်မှာ ရဟန္တာဖြစ်တယ်. . . ။ (မှန်ပါ့)။

ဒါဖြင့် ရဟန္တာဖြစ်တဲ့အထဲမှာဖြင့် ရှင်အာနန္ဒာဟာ တော်တော်ဆန်းတဲ့ပုဂ္ဂိုလ်ပဲ-၊ (မှန်ပါ)၊ မဆိုထိုက်ဘူးလား။ (ဆိုထိုက်ပါတယ်ဘုရား)။

တချို့ ထိုင်ရင်းဖြစ်တယ်ဆိုတော့ အင်း. . . ကြာလှပြီ၊ ကြာတဲ့အခါကျတော့ မဂ်ဉာဏ်တွေ အစဉ်အတိုင်း ပေါ်လာလို့ရတာတွေတစ်ပုံကြီးပေါ့ဗျာ. . . ။ (မှန်ပါ့)၊ သူကတော့ ဒီလိုကို မဟုတ်ဘူး၊ ခပ်ဆန်းဆန်း ဖြစ်နေတော့ ခြေထောက်နဲ့ မြေကြီးလွတ်ကာ၊ ခေါင်းနဲ့ ခေါင်းအုံးနဲ့လည်း မထိမီကြားမှာ ရဟန္တာဖြစ်တယ်လို့ဆိုသဖြင့် ဒကာဒကာမတို့ ဒီကြားထဲမှာ အာသဝေါကုန်သွားတာသည် ခုနင်က ညှိနှိုင်းမှု ညီတဲ့အချိန်ဖြစ်တာပဲ. . . ။ (မှန်ပါ့ဘုရား)။

## ညှိနှိုင်းမှုညီတဲ့အချိန်ဖြစ်ပါတယ်

ဘယ်လိုဆိုကြမလဲ. . . ။ (ညီတဲ့အချိန်ဖြစ်ပါတယ်)၊ ညှိနှိုင်းမှုညီတဲ့အချိန်မှာဖြင့် အရေးတကြီး သူ့ကိစ္စပြီးသွားတယ်. . . ။ (မှန်ပါ့ဘုရား)။

ဒကာကြွယ်ရေ၊ ဒါဖြင့် ဒီအရေးဟာ ကြီးသပေါ့ဗျာ (ကြီးပါတယ်)၊ ဒါကြောင့် ဒီနေ့ တရားပွဲနာကြတဲ့ ဒကာ ဒကာမတွေ ဖြစ်ပျက်ဆီကို သဒ္ဓါပညာ မလွန်အောင် လွှတ်ပါ. . . ။ (မှန်ပါ့)၊ ဝီရိယ သမ္မာဓိ ဘယ်သူမှ မလွန်ဘဲနဲ့ ညီညွတ်အောင် လွှတ်ပေးပါ. . . ။ (မှန်ပါ့ဘုရား)။

## သတိအမြဲရှိပါစေ

သတိကို ဘယ်အခါကာလမှ မလွှတ်ပါစေနဲ့. . . ။ (မှန်ပါ့)၊ ဟာ. . . ဘုန်းကြီးက တပည့်တော်တို့ ထိန်းရမှာ တွေက အများကြီး၊ အားထုတ်ရမှာတွေက အများကြီးလို့ ဒီလို မယူပါနဲ့. . . ။ (မှန်ပါ)၊ သူတို့က ရှုလိုက်ကတည်းက ဖြစ်ပျက်ငါးခု စုံဝင်တယ်. . . ။ (မှန်ပါ့ဘုရား)။

ဒကာသစ်ရေ. . . ရှုလိုက်ကတည်းက ဘာတဲ့တုံး (ငါးခုစလုံးဝင်တယ်)၊ ငါးခုဟာ တစ်ခါတည်း ဖြစ်ပျက်ရှိတဲ့ဆီကို စုံဝင်တာပဲတဲ့၊ သို့သော်လည်း တစ်ခုခု လွန်နေပြန်တော့လည်း ဖြစ်ပျက်တော့ မြင်ပါရဲ့၊ ဝီရိယလွန်နေပြန်တော့လည်း ဣန္ဒြေမမျှလို့ ဒကာ၊ ဒကာမတို့ မဂ္ဂင်ငါးပါးက ရှစ်ပါး ဖြစ်လာဖို့ အရေးဟာ နှောင့်နှေးနေတယ်. . . ။ (မှန်ပါ့)၊ ရှင်းပလား. . . ။ (ရှင်းပါပြီ)၊ ရှစ်ပါးဖြစ်မှလည်း နိဗ္ဗာန်ကို တွေ့ရမှာကိုး. . . ။ (မှန်ပါဘုရား)။

အဲဒါကြောင့် စုံဝင်ငြားသော်လည်း သူက ရှေ့က သွားမယ်၊ ငါက နောက်ကလိုက်မယ်ဆိုတော့ စုံတော့ ဝင်ငြားသော်လည်း ရှေ့နောက်ဆွဲနေလို့ရှိရင် ဒကာသစ် ဒီဥစ္စာ တစ်ခုခုလွန်လို့. . .။ (မှန်ပါ့)၊ သဘောကျရဲ့လား. . .။ (ကျပါတယ်ဘုရား)။

အဲ. . . ပန်းဆွတ်သလို ဒကာဒကာမတို့ စုံဝင်တဲ့ နွားနှစ်ကောင်စလုံးဟာ ပန်းတိုင်ကို စုံရာက်ပါမှ နေရာကျမယ်. . .။ (မှန်ပါ့ဘုရား)။

## ကိုယ့်ဟာကိုယ်ချိန်ဖို့အရေးကြီးတယ်

ဒါဖြင့် အားလုံး ဒကာဒကာမတို့ ဩော်. . . လုပ်နည်းနိဿရည်းကလည်း ဆရာမပြ နည်းမကျဆိုသလိုပဲ ဒီအရေးဟာလည်း အလုပ်ခွင်မှာ ကိုယ့်ဟာကိုယ်ချိန်ဆဖို့ အရေးဟာ ကြီးပါကလားဆိုတာ ဒကာကြွယ်တို့ ဦးမာဒင်တို့ ပေါ်လာတယ်. . .။ (ပေါ်လာပါတယ်)၊ ရှင်းပြီနော်. . .။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါ ဘာများ ဟောနေပါလိမ့်မတုံးဆိုတော့ အလုပ်သမားမှ နားလည်တယ်. . .။ (မှန်ပါ့ဘုရား)။

ဘယ်သူမှ နားလည်သတုံး. . .။ အလုပ်သမားမှ နားလည်ပါတယ်ဘုရား။

အလုပ်သမားမဟုတ်တဲ့ ပုဂ္ဂိုလ်တွေက ဘုန်းကြီး ပြောနေတာ ဘာပါလိမ့်မတုံးလို့ ဒကာကြွယ် ပြောချင်ပြောကြမယ်. . . ။ (မှန်ပါ့)၊ သူမှ နားမလည်ဘဲကိုး. . . ။ (မှန်ပါ့)၊ အဲဒီတော့ နားမလည်တဲ့ ပုဂ္ဂိုလ်တွေကလည်း မှတ်သားထား၊ ကိုယ်လုပ်တော့ ဒီမူလိုက်ရလိမ့်မယ်ဆိုတာ မှတ်ထားပေါ့. . ။ (မှန်ပါ့)၊ ရှင်းပြီနော်. . . ။ (ရှင်းပါပြီဘုရား)။

## နှောင့်နှေးနေတာဘာ့ကြောင့်ပါလိမ့်

ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ ပါရမီက ဘယ်လို စဉ်းစားကြမတုံး၊ ပြည့်ပြီးသား. . . ။ (မှန်ပါ့)၊ ပြည့်ပြီးသား နှောင့်နှေးနေတာ ဘာ့ကြောင့်ပါလိမ့်မတုံး. . . ။ (မညီတတ် လို့ပါဘုရား)၊ ဣန္ဒြေမညီတတ်လို့။

ရှင်အာနန္ဒာ ကြည့်၊ ခုတင်ပေါ် ခဏကလေး တက်လိုက်တာက အကျိုးရှိတယ်. . . ။ (မှန်ပါ့)၊ ကဲ. . . ဒကာသစ်မကွာခြားဘူးလား. . . ။ (ကွာခြားပါတယ်ဘုရား)၊ သဘောပါကြပလား. . . ။ (ပါပါတယ်ဘုရား)။

အေး. . . ဒါကြောင့် တစ်ခါတလေကျတော့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ရှင်မောဂ္ဂလာန်ကြီးများ တရား အားထုတ်နေတဲ့အခါ၊ သမာဓိလွန်ပြီး ထိနမိဒ္ဓများလာတဲ့ အခါ အမြန်ကြွသွားပြီး ပြောရတယ်. . . ။ (မှန်ပါ့)၊ ဟေ့. . .

ထိနမိဒ္ဓတွေ လွှန်နေတယ်၊ ဝီရိယတွေ တင်းပေးဦးကွ၊ အံမာ ဦးမာဒင်၊ သွားပြောပေးနေရတယ်. . . ။ (မှန်ပ့ါ)၊ အကျိုး စီးပွား အလိုရှိတော်မူတဲ့ ကိုယ်တော်ကြီးကိုဗျ. . . ။ (မှန်ပ့ါ) ကပျာကယာ သွားညှိပေးရတယ်. . . ။ (မှန်ပ့ါဘုရား)။

ဒီလို ညှိပေးရတဲ့ ဝတ္ထုသက်သေသာကေတွေ ဒကာ ကြွယ် ပြည့်နေတယ်. . . ။ (မှန်ပ့ါ)။

အဲဒါကြောင့် အားလုံး ဒကာဒကာမတွေ ဒီနေ့ အရေးဟာဖြင့် အလုပ်သမားအတွက်မှာ သတိထားရမည့် အချက်တွေချည့် ပြောနေတာပဲဆိုတဲ့ဥစ္စာ ဒကာသစ် ကောင်းကောင်းပေါ်သွားပြီ. . . ။ (မှန်ပ့ါ)၊ မပေါ်သေးဘူး လား. . . ။ (ပေါ်ပါပြီဘုရား)။

## အလုပ်သင်နေတဲ့တရား

နောက်က ဒကာဒကာမတွေ ကိုယ့်ကို ကယ်တင် ချင်လို့ရှိရင်လည်း ကိုယ့်ကို သနားကြလို့ရှိရင်၊ ဒီညှိလုံးကလေး တွေနဲ့ အလုပ်လုပ်မယ်ဆိုလို့ရှိရင် ကိုယ့်ကိုယ်ကိုယ် သနား လို့ အပါယ်လေးပါးထဲမှ ဆွဲတင်လိုက်တာပဲ. . . ။ (မှန်ပ့ါ)၊ ဒုက္ခဝဋ်ထဲမှ ဆွဲတင်လိုက်တာပဲ. . . ။ (မှန်ပ့ါ)၊ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ဆီကို ပို့လိုက်တာပဲ. . . ။ (မှန်ပ့ါ)။

အဲဒါကြောင့် ဒကာကြွယ် လုပ်ဖြစ်အောင်လုပ်ပါ ဆိုတာလည်း တိုက်တွန်းရတယ်. . . ။ (မှန်ပါ့)၊ ညီတတ်ပါစေ ဆိုတာကိုလည်း တိုက်တွန်းရတယ်။ (မှန်ပါ့)၊ ဦးမာဒင် အရေး မကြီးဘူးလား. . . ။ (ကြီးပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါက ရှေ့ပိုင်းမှာ အလုပ်သင်နေ တယ်ဆိုတာ ဒကာကြွယ် မှတ်လိုက်ပေတော့. . . ။ (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ မနေ့က ဝတ္ထု ဆက်ကြစို့. . . ။ (မှန်ပါ့)၊ မနေ့က ရှင်သာရိပုတ္တရာနဲ့ ရှင်ပုဏ္ဏ (မှန်ပါ့)၊ ရှင်ပုဏ္ဏက ဦးမာဒင်,ရေ အမေးခံသမား၊ ရှင်သာရိ ပုတ္တရာက အမေးသမား. . . ။ (မှန်ပါ) အားလုံးတော့ဖြင့် ဒကာကြွယ်က မှတ်လိုက်၊ ရဟန္တာနှစ်ပါး မေးမြန်းတာ. . . ။ (မှန်ပါ့)၊ သဘောကျပလား. . . ။ (ကျပါပြီ)။

အားလုံးကတော့ ဘာတဲ့. . . ။ (ရဟန္တာနှစ်ပါး မေးမြန်းတာပါဘုရား)၊ ဩော်. . . သူတို့မေးနေတာကဖြင့် ဒီဘက်အမေး ကိုယ်တော်ကြီးကလည်း ပညာအရာ ဧတဒဂ် ရ. . . (မှန်ပါ့ဘုရား)၊ ဟိုကလည်း သူတစ်ပါးချွတ်ဖို့ စရိုက် ဖမ်းတဲ့နေရာမှာ၊ သူတစ်ပါးကို တရားဟောချွတ်နိုင်တဲ့နေရာ မှာ သူကလည်း ဧတဒဂ်ရပဲ. . . (မှန်ပါ့)၊ ရဟန္တာနှစ်ပါးပဲ၊ သူ့ဂုဏ်ထူးနဲ့သူ ရှိကြတယ်. . . ။ (မှန်ပါ့)။

## နောက်သူတွေလမ်းလွဲမှာစိုးလို့

အဲဒီနှစ်ပါး မေး-ဖြေနေတာသည် ဒကာကြွယ်၊ ရေ. . . ရောက်ပြီးသားလမ်းကို နှစ်ပါးစလုံးသိပြီးသား. . .။ (မှန်ပါ့)၊ မဂ္ဂင်လမ်းကို နှစ်ပါးစလုံးရောက်လို့ နိဗ္ဗာန်ကို မြင်ပြီးသား ပုဂ္ဂိုလ်ချည့်ပဲ. . .။ (မှန်ပါ့)၊ ဘယ်အတွက် ကြောင့် ဒီကိုယ်တော် နှစ်ပါးကလည်း ဒီအမေးနဲ့ ဒီအဖြေ လုပ်နေပါလိမ့်မတုံး. . . လို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့ နောင်လာနောက်သားများ လမ်းလွဲမှာစိုးလို့. . .။ (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . .။ (နောင်လာနောက်သားများ လမ်းလွဲမှာစိုးလို့ပါဘုရား)၊ ဒကာသစ် ဒါဖြင့် ကျုပ်တို့ အရေးပေါ့ဗျာ. . .။ (မှန်ပါ့)။

ကျုပ်တို့က နောင်လာနောက်သားဖြစ်နေတော့ ဒကာကြွယ် ကျန်ရစ်တဲ့ပုဂ္ဂိုလ်တွေ၏ ဝိပဿနာအလုပ်၊ ဝါသနာပါသော ပုဂ္ဂိုလ်တွေ၏ အရေး. . .။ (မှန်ပါ့)၊ ကိုယ့် ကိုယ်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်၏. . . (အရေးပါဘုရား)၊ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပင်လယ်ဝေတဲ့အထဲမှ ဆွဲထုတ်လိုသော ပုဂ္ဂိုလ်. . .။ (အရေးပါဘုရား)၊ အရေးပဲလို့ဆိုတာ သေသေ ချာချာမှတ်ပေတော့မှ ဦးမာဒင်ရေ အားရှိစရာ ဘယ်လောက် ကောင်းတယ်. . .။ (မှန်လှပါ့)၊ ကိုယ်တော်ကြီးတွေ ကရုဏာ ဟာ နှစ်ပါးစလုံး သေးသလား. . .။ (မသေးပါဘုရား)။

## လမ်းမှန်ရစ်ကြပါစေ

အင်မတန်မှ ကျုပ်တို့အပေါ် နောင်လာနောက်သား တွေဖြင့် တို့အမေး-အဖြေကြည့်ပြီးသကာလ လမ်းမှန်ရစ်ကြ ပါစေဆိုတဲ့ စိတ်ထားသည် ဒကာကြွယ် တယ်ပြင်းပြ ပါလား. . .။ (ပြင်းပြပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ပြောကြပါစို့. . . တဲ့. . .၊ ရှင်သာရိ ပုတ္တရာက အင်မတန် တွေ့ချင်နေတုန်းပဲ တွေ့ရပါတယ်. .။ (မှန်ပါ့)၊ တွေ့တော့ ဘယ်နေရာမှာ သွားတွေ့သတုံးဆိုတော့ ဘုရားရှေ့မှာတော့ဖြင့် မတွေ့ရပါဘူး။

## ရှင်ပုဏ္ဏ

ပုဏ္ဏက သူဘုရားရှေ့မှာ လျှောက်စရာရှိတာ လျှောက်၊ ဘုရားက ဟောစရာရှိတာ ဟောပြီးသကာလ၊ ဘုရားက ဝမ်းမြောက်ကြောင်းတွေ ပြောပြီးသကာလ သူက အန္ဓဝနဆိုတဲ့ သုသာန်တောထဲ သွားတဲ့အခါမှာ ရှင်သာရိ ပုတ္တရာ၏ တပည့်တစ်ပါးက အရှင်ဘုရား. . . အရှင်ဘုရား နေ့တိုင်း တောင့်တ,နေတဲ့ ရှင်ပုဏ္ဏဟာ ဘုရားအခု အန္ဓဝန တောသို့ သွားပါတယ်။

အို. . . ငါ အင်မတန်တွေ့ချင်နေတာ လိုက်မှပဲဆိုပြီး နေကထိုင်ကလေး ကပျာကယာယူတဲ့ပြီး ဒကာကြွယ် နောက်က လိုက်တယ်. . .။ (မှန်လှပါ)။

## ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကိုအာရုံပြုနေကြတယ်

နောက်ကလိုက်တော့ ဟိုကိုယ်တော်က ရှေ့ကသွား၊ ဒီကိုယ်တော်က နောက်ကလိုက်. . .။ (မှန်ပါ့ဘုရား)၊ ဟိုကျတော့ ရှင်ပုဏ္ဏက သစ်ပင်တစ်ပင်ရင်းမှာ ဖလသမာပတ်ဝင်စားနေလိုက်တယ်. . .။ (မှန်ပါ့ဘုရား)။

ဟာ. . . ဒီအချိန်သွားလို့ မတော်သေးပါလား၊ ငါလည်း ဖလသမာပတ် ဝင်စားနေမှပဲဆိုပြီး ရှင်သာရိပုတ္တရာက သစ်ပင်တစ်ပင်ရင်းမှာပဲ ဖြစ်ပျက်တွေရှုပြီး ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို အာရုံပြုနေကြတယ်. . .။ (မှန်ပါ့)၊ သဘောပါပြီနော်. . .။ (ပါပါပြီဘုရား)၊ ဖလသမာပတ်ဆိုတာ ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကို ဉာဏ်လှည့်နေတာကို မှတ်လိုက်စမ်း. . .။ (မှန်ပါ့)။

## ဖလသမာပတ်ဆိုတာ

ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို. . . (ဉာဏ်လှည့်နေတာပါဘုရား)၊ အဲဒါ ဘာခေါ်ကြမယ်. . .။ (ဖလသမာပတ်ပါ (ဘုရား)။

ဩော်. . . ဖလသမာပတ်ဆိုတာ ဒါပဲကိုးဆိုတာ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ နိဗ္ဗာန်ကို အမြင်အားဖြင့် ရောက်ရတယ်. . .။ (မှန်ပါ့)၊ ခန္ဓာကိုယ်ကတော့ဖြင့် မချုပ်

သေးလို့ ဒကာ ဒကာမတို့ ခန္ဓာက မရောက်သေးဘူးပေါ့ ဗျာ. . .။ (မှန်ပါ့)၊ အမြင်အားဖြင့်တော့. . . (ရောက်ပါပြီ ဘုရား)။

ရောက်နေတော့ ခန္ဓာရှိလျက်နဲ့ မြင်ရတဲ့ နိဗ္ဗာန်ကို သူတို့ အာရုံပြုနေလို့ရှိရင်ဖြင့် ဘယ်ဝိတက်မှ မလာတော့ဘူး၊ ဘယ်ကိစ္စတွေမှ အရှုပ်အပွေမရှိဘူး၊ သပိတ်ဆေးစရာ၊ သင်္ကန်းခေါက်စရာ ကိစ္စတွေတောင်မှ သူတို့က အလိုမရှိ တော့ဘူး. . .။ (မှန်ပါ့ဘုရား)။

## ရှင်သာရိပုတ္တရာ

အဲဒါနဲ့ ဖလသမာပတ် ဝင်စားနေကြတဲ့ အချိန်မှာ ညနေကျလာတော့ ဟိုပုဂ္ဂိုလ်လည်း ဖလသမာပတ် ဝင်စားရာ မှ ထ,ပြီးလာတဲ့အချိန်မှာ ရှင်သာရိပုတ္တရာက အနားသွားပြီး သကာလ၊ အလ္လာပသလ္လာပ ပြောပြီးသကာလ၊ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နည်းယူပြီးသကာလ မည်သူပဲ ကျင့်ကျင့်၊ နိဗ္ဗာန်အကျိုးငှာ ကျင့်တာ မဟုတ်လား လို့ မေးတယ်နော်. . .။ (မှန်ပါ့ဘုရား)။

## သီလစင်ကြယ်အောင်ကျင့်နေတာ

နိဗ္ဗာန်အကျိုးငှာ ကျင့်တာမဟုတ်လားလို့ မေးတဲ့ အခါကျတော့ မဟုတ်သေးပါဘူးဘုရား. . . တဲ့။

ဒါဖြင့်ကွာ. . . တဲ့၊ ဘုရားက သီလကို အရင် စင်ကြယ်အောင် ကျင့်လို့ဆိုတော့ အဲဒါကတော့ နိဗ္ဗာန်အကျိုး ငှာ ကျင့်တာ မဟုတ်ဘူးလား. . . တဲ့၊ မဟုတ်သေးပါဘူး ဘုရားလို့ပဲ ဖြေလိုက်တယ်. . . ။ (မှန်ပါ့)။

ဒါဖြင့် သီလဝိသုဒ္ဓိဖြစ်ခြင်းသည် ဒကာဒကာမတို့ နိဗ္ဗာန်နဲ့ ဝေးနေသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပြတယ်. . . ။ (ပြပါတယ်ဘုရား)၊ ရှင်းပြီးနော်. . . ။ (ရှင်းပါပြီဘုရား)။

## သမာဓိအလုပ်တွေလုပ်နေတာ

ဒါဖြင့် ဘုရားတဲ့၊ သမာဓိအလုပ်တွေ လုပ်နေတဲ့ ပုဂ္ဂိုလ်တွေကော နိဗ္ဗာန်အကျိုးငှာကျင့်တာ မဟုတ်ဘူးလား လို့ မေးပြန်တော့ မဟုတ်သေးပါဘူးဘုရား. . . တဲ့။ (မှန်ပါ့)။

ဒီလိုနဲ့ ဖြေလိုက်တာ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ရောက်သွားတယ်. . . ။ (မှန်ပါ့)၊ မနေ့က ဟောပြီးသားမို့ ဒကာသစ် ချုံးလိုက်ပြီ. . . ။ (မှန်ပါ့)။

## မဂ်ဆိုက်တဲ့အလုပ်ဟာနိဗ္ဗာန်အကျိုးငှာကျင့်တာလား

ဒီလိုနဲ့ ဉာဏဒဿနဝိသုဒ္ဓိဆိုတာ ရောက်သွားပြီ၊ ဉာဏဒဿနဝိသုဒ္ဓိဆိုတာ မဂ်ဆိုက်သွားပြီ. . . ။ (မှန်ပါ့)၊ အဲဒီမဂ်ဆိုက်တဲ့ ဉာဏဒဿန ဝိသုဒ္ဓိအလုပ်ဟာ နိဗ္ဗာန်

အကျိုးငှာ ကျင့်တာမဟုတ်ဘူးလားဆိုတော့ မဟုတ်သေးပါဘူးဘုရား. . . တဲ့။ (မှန်ပါ့)။

ဘုရားထံ ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေ သီလဝိသုဒ္ဓိကျင့်တာ နိဗ္ဗာန်အကျိုးငှာ မဟုတ်ဘူးလားဆိုတော့ မင်းက မဟုတ်ဘူးတဲ့၊ နောက်ဆုံးပိတ် ဉာဏဒဿနဝိသုဒ္ဓိဟာလည်း နိဗ္ဗာန်အကျိုးငှာ မဟုတ်ဘူးလားဆိုတော့ မင်းကမဟုတ်ဘူးလို့ ဖြေတယ်. . . ။ (မှန်ပါ့)။

## ဘာလုပ်ဖို့ကျင့်ကြတာတုံး

နို့. . . ဒါဖြင့် ဘာလုပ်ဖို့ ကျင့်ကြတာတုံးလို့မေးတော့ ဥပါဒါန်မစွဲတဲ့. . . နိဗ္ဗာန်အကျိုးငှာသာ ကျင့်ကြတာ. . . ။ (မှန်ပါ့)၊ ရိပ်မိပြီ. . . ။ (ရိပ်မိပါပြီဘုရား)။

ဥပါဒါန်မစွဲတဲ့. . . (နိဗ္ဗာန်အကျိုးငှာ ကျင့်ကြတာပါဘုရား)၊ အဲ. . . နိဗ္ဗာန်ဆိုတာ ဥပါဒါန်ချုပ်မှရောက်တယ်. . . ။ (မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ. . . (ဥပါဒါန်ချုပ်မှရောက်ပါတယ်ဘုရား)၊ အေး. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရှိတုန်းက ဟောထားတာတွေ၊ ဒကာကြွယ်တို့ မှတ်မိပါလိမ့်မယ်နော်. . . ။ (မှန်ပါ့ဘုရား)။

ဤခန္ဓာစွန့်ပြီး နောက်ခန္ဓာ ဥပါဒါန်မစွဲရင် ခန္ဓာမရဘူးတဲ့။ (မှန်ပါ့)၊ နိဗ္ဗာန်ရောက်တာ ပေါ့တာပဲ. . .။ (မှန်ပါ့)။

ဤခန္ဓာစွန့်ပြီး နောက်ခန္ဓာဥပါဒါန်ပြုတ်ရင် ဘာတဲ့ဗျာ. . .။ (နိဗ္ဗာန်ရတာပါဘုရား)၊ နိဗ္ဗာန်ရတာပဲဆိုတာ ပေါ်ကြပလား. . .။ (ပေါ်ပါပြီဘုရား)။

အေး. . . ဒါ့ကြောင့် ဥပါဒါန်ပြုတ်ဖို့အရေးဟာလည်း ကျုပ်တို့ ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဦးမာဒင် ခဏခဏ ပြရတယ်. . .။ (မှန်ပါ့)၊ ဟ. . . တဏှာ ချုပ်အောင်လုပ်ပါဟဆိုတာ ဥပါဒါန်က ချုပ်မသွားဘူးလား. . .။ (ချုပ်သွားပါတယ်ဘုရား)။

## ဥပါဒါန်ခိုင်းတာကို ကံကလုပ်ရတာ

အဲ. . . ချုပ်တော့ နောက်ခန္ဓာဆိုတာ ဥပါဒါန်က လုပ်တာကိုး. . .။ (မှန်ပါ့)၊ ဥပါဒါန်မရှိရင် ကံက သူ့ချည်း သက်သက် ငါ့ဟာငါ လုပ်မယ်လို့ ဖြစ်သေးရဲ့လား. . .။ (မဖြစ်ပါဘုရား)၊ ဥပါဒါန် လက်ညှိုးညွှန်ရာကို ဒကာကြွယ် ကံကလုပ်ရတာ. . .။ (မှန်ပါ့)၊ ရှင်းပလား. . .။ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကတော့ ကံကောင်းလို့ လူဖြစ်တယ်၊ ကံမကောင်းလို့ ခွေးဖြစ်တယ်၊ ကံကချည်းလုပ်တယ် ထင်နေတယ်၊ မဟုတ်ပါဘူး၊ ဥပါဒါန် လက်ညှိုးညွှန်ရာက ကံက လုပ်ရတာ. . . ။ (မှန်ပါ့)၊ သဘောပါပလား. . . ။ (ပါပါပြီဘုရား)။

ဘယ်သူက လက်ညှိုးညွှန်ရာ ကံလုပ်သတုံး. . . ။ (ဥပါဒါန် လက်ညှိုးညွှန်ရာ ကံက လုပ်ပါတယ်ဘုရား)။ ဒါဖြင့် ဘယ်သူက ဆရာ၊ ဘယ်သူက တပည့်ပါလိမ့်. . . ။ (ဥပါဒါန်က ဆရာ၊ ကံက တပည့်ပါဘုရား)။

ဒါဖြင့် ဥပါဒါန်က ပြဋ္ဌာန်းတယ်၊ ကံက မပြဋ္ဌာန်း၊ (မှန်ပါ့)၊ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်မှာ ကံလုပ်စရာအတွက် ပေါ်သေးရဲ့လား. . . ။ (မပေါ်ပါဘုရား)။

## ဥပါဒါန်ချုပ်ရာသည်နိဗ္ဗာန်

အဲဒါကြောင့် ဥပါဒါန်ချုပ်ရာကို နိဗ္ဗာန်လို့ ရှင်ပုဏ္ဏကဖြေလိုက်တယ်. . . ။ (မှန်ပါ့)။

မြတ်စွာဘုရားထံ ကျင့်တဲ့အကျင့်ဟူသ၍ သည်ကားလို့ဆိုရင်ဖြင့်တဲ့ ဒကာ ဒကာမတို့၊ သီလသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ နိဗ္ဗာန်အကျိုးငှာ မဟုတ်ဘူးတဲ့. . . ။ (မှန်ပါ့ဘုရား)။

နို့. . . ဘယ်အကျိုးငှာ အားလုံးကျင့်နေကြတာ ဆို. ... အို. . . ဥပါဒါန်ချုပ်၍ နိဗ္ဗာန်အကျိုးငှါ ကျင့်နေကြတာ. . .။ (မှန်ပါ့)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက မင်းဟာ ရှင်းပါဦးကွာလို့ ပြောတဲ့အခါကျတော့ တပည့်တော် ရှင်းရပါမယ်တဲ့၊ ဥပမာ မယ်သီလဝိသုဒ္ဓိဆိုတာ သီလစင်ကြယ်အောင်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိကြတယ်. . .။ (မှန်ပါ့)။

## နိဗ္ဗာန်အကျိုးငှာဆိုရင်

အဲဒီသီလစင်ကြယ်အောင်လုပ်တဲ့ ပုဂ္ဂိုလ်တွေကို နိဗ္ဗာန်လို့ ဆိုကြမယ်ဆိုလို့ရှိရင်လည်း ပုထုဇန်ဟာ နိဗ္ဗာန်ရောက်နေမှာပဲ. . .။ (မှန်ပါ)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

သမထလုပ်နေတဲ့ပုဂ္ဂိုလ်လည်း တိုတိုသွားကြစို့၊ နိဗ္ဗာန်ရောက်နေတယ်လို့ မဆိုရပေဘူးလား. . .။ (ဆိုရမည့်အဓိပ္ပာယ်ရောက်နေပါတယ်ဘုရား)။

အဲဒါကြောင့် မဂ်ဉာဏ်ရနေတဲ့ပုဂ္ဂိုလ်တောင်မှ နိဗ္ဗာန်ရောက်နေတယ်လို့ မဆိုပါဦး. . . တဲ့၊ မဂ်ဉာဏ်တောင်မှ ဦးမာဒင် သေသေချာချာမှတ်ပါ၊ ဖြစ်ပျက်သင်္ခါတတရားပါ. . (မှန်ပါဘုရား)။

မဂ်ဉာဏ်ဟာ (ဖြစ်ပျက်သင်္ခါတတရားပါ)၊ ဖြစ်ပျက်သင်္ခါတဖြစ်ပါတယ်တဲ့၊ ဖြစ်ပြီးပျက်နေတော့ ဒကာ ဒကာမတို့ မဂ်ဉာဏ်ဖြစ်ဖို့အောင်လည်း အတော်ပြုပြင်မနေရဘူးလား. . (ပြုပြင်ရပါတယ်)၊ ပြီးတော့လည်း ဖြစ်ပျက်မသွားဘူးလား. . (သွားပါတယ်)၊ ဖိုလ်ဉာဏ်ဖြစ်အောင်ကော မပြုပြင်ရဘူးလား. . . ။ (ပြုပြင်ရပါတယ်)၊ ပြီးတော့ ဘာတဲ့. . . ။ (ဖြစ်ပျက်သွားပါတယ်)။

ဒါဖြင့် သင်္ခါတတရားတွေဆိုတော့ အခ်ံတနိဗ္ဗာန်အတွက်နဲ့ သူ မဆိုင်ဘူး. . . ။ (မဆိုင်ပါ)၊ ဒါဖြင့် နိဗ္ဗာန်ဆိုလို့ တော်ပ့ါမလား. . . ။ (မတော်ပါဘုရား)။

ဒါဖြင့် ကွာတဲ့-ဘယ်အကျိုးငှာ ကျင့်တာတုံးဆိုလို့ ရှိရင်ဖြင့် ဥပါဒါန်ချုပ်တဲ့ နိဗ္ဗာန်အကျိုးငှာလို့ တပည့်တော်က ဖြေပါတယ်တဲ့. . . ။ (မှန်ပါ)၊ သဘောကျပါလား. . . ။ (ကျပါတယ်ဘုရား)။

## ဥပါဒါန်ချုပ်တဲ့ နိဗ္ဗာန်အကျိုးငှာကျင့်တာ

ဘယ်အကျိုးငှာကျင့်တာတုံး၊ သီလဝိသုဒ္ဓိအကျိုးငှာလည်း မဟုတ်ဘူး၊ ဥပါဒါန်ချုပ်တဲ့ နိဗ္ဗာန်အကျိုးငှာ ကျင့်တာပါလို့ တပည့်တော်က ဖြေပါတယ်တဲ့. . . ။ (မှန်ပ့ါ)။

ဒါဖြင့် ဟုတ်ပြီပေါ့. . . မင်းဟာက. . . နို့မဟုတ်လို့ ရှိရင်ပုထုဇန်တွေလည်း နိဗ္ဗာန်ရောက်ကုန်မှာပဲဆိုလို့ရှိရင်၊ သမထအလုပ်လုပ်နေတာ နိဗ္ဗာန်ပဲ ဆိုလို့ရှိရင် လွဲကုန်လိမ့်မယ်ပေါ့. . .။ (မှန်ပါ့ဘုရား)၊ ရှင်သာရိပုတ္တရာက သဘောကျတယ်. . .။ (မှန်ပါ့ဘုရား)။

ဒါဖြင့် မင်းဟာက္ဂာတဲ့၊ ဒါတွေ အလကားပဲလားတဲ့၊ သီလဖြူစင်အောင် လုပ်နေတာလည်း နိဗ္ဗာန်နဲ့ မဆိုင်သေးဘူး၊ အလကားပဲလားလို့ဆိုတော့ အလကားတော့ မဟုတ်ပါဘူး ဘုရားတဲ့. . .။ (မှန်ပါ)။

## တစ်ခုနဲ့တစ်ခုတော့ ကျေးဇူးပြုတယ်။

ဒကာ ဒကာမတို့ အလကားတော့ မဟုတ်ဘူးတဲ့. . .။ (မှန်ပါ့)၊ အလကားမဟုတ်ပုံကလေး ဒကာ ဒကာမတွေက ရှင်းဖို့ အရေးကြီးတယ်. . .။ (မှန်ပါ့)။

အလကား မဟုတ်ပုံကလေးဆိုတော့ကိုတဲ့ ဒကာ ဒကာမတို့ သီလကို ဖြူစင်အောင်ကျင့်တဲ့ ပုဂ္ဂိုလ်သည်သြော်. . . ငါသည်ကားလို့ဆိုရင်၊ သီလဖြူစင်လို့ရှိရင် သမာဓိအလုပ်. . . လုပ်မယ်ဆိုတဲ့စိတ်ထားရှိတယ်တဲ့။ (မှန်ပါ့)။

ဒါဖြင့် သီလဝိသုဒ္ဓိ သီလဖြူစင်မှ သမာဓိအလုပ်လုပ်လို့ရတယ်. . .။ (မှန်ပါ့)၊ ဒီတော့ တစ်ခုနဲ့တစ်ခု ကျေးဇူးမပြုဘူးလား. . .။ (ပြုပါတယ်)၊ နိဗ္ဗာန်တော့ ပါသလား. . . (မပါပါ)၊ အဲ-ဒါလောက် ကျေးဇူးရှိတာဘုရား. . .။ (မှန်ပါ့)၊ ရိပ်မိပလား. . .။ (ရိပ်မိပါပြီဘုရား)။

သီလက သမာဓိ ကျေးဇူးပြုတာဘုရား၊ နိဗ္ဗာန်မဟုတ်သေးဘူးတဲ့. . .။ (မှန်ပါ့ဘုရား)၊ ဒကာကြွယ်ပေါ်ပြီနော်. . .။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သီလဝိသုဒ္ဓိဟာ စိတ္တဝိသုဒ္ဓိအကျိုးငှာပေါ့ဗျာ. . .။ (မှန်ပါ့)၊ စိတ္တဝိသုဒ္ဓိဟာ ဒကာ ဒကာမတို့ ရုပ်နာမ်ခွဲတဲ့သမ္မာဒိဋ္ဌိအကျိုးငှာ. . . (မှန်ပါ့)၊ ရုပ်နာမ်ခွဲတဲ့အခါသမ္မာဒိဋ္ဌိရှိတဲ့ ရုပ်နာမ်ခွဲတဲ့အခါ ရှင်းရှင်းလင်းလင်း ဖြစ်ပါတယ်. . .။ (မှန်ပါ့)။

ဒါဖြင့် စိတ္တဝိသုဒ္ဓိကလည်း ဒိဋ္ဌိဝိသုဒ္ဓိအကျိုးငှာ. . . (မှန်ပါ့)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

တစ်ခါ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ ဒကာဒကာမတွေက မရှင်းဘဲနေမှာစိုးလို့ နာမ်ရုပ်ခွဲတာ ဒိဋ္ဌိဝိသုဒ္ဓိပါပဲ. . .။ (မှန်ပါ)။

ကဲ. . . ဒိဋ္ဌိဝိသုဒ္ဓိက ဘယ်ကျေးဇူးပြုသတုံးဆိုတော့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါမရှိ. . .

အကြောင်း အကျိုးသာရှိတယ်ဆိုတဲ့ နားလည်မှုကို ဒိဋ္ဌိ စင်ကြယ်ပြီးတဲ့ ပုဂ္ဂိုလ်မှာ အကြားအမြင်နဲ့ စင်ကြယ်ပြီးတဲ့ ပုဂ္ဂိုလ်မှ ယုံမှားခြင်း ဖျောက်နိုင်တယ်. . . ။ (မှန်ပါ့)၊ သဘော ကျပလား. . . ။ (ကျပါပြီ)။

အကြားအမြင် စင်ကြယ်ပြီးသား ပုဂ္ဂိုလ်မှ. . . ။ (ယုံမှားခြင်း ဖျောက်နိုင်ပါတယ်)၊ ဟော. . . လေးခုပြီး သွားပြီ၊ မပြီးသေးဘူးလား. . . ။ (ပြီးပါပြီဘုရား)။

ကောင်းပြီးတဲ့၊ ဒါဖြင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်မှာ ယုံမှားခြင်းကင်းတော့မှ ဖြစ်ပျက်တွေ ကျင့်တယ်၊ ကျင့်တော့ အရောင်အဆင်းအလင်းတွေ၊ ခန္ဓာကိုယ်ထဲက ပီတိကလေးတွေ ဖျတ်ခနဲ ဖျတ်ခနဲ လာတတ်တယ်. . . ။ (မှန်ပါ့)၊ အဲဒါကို မဂ်ထင်နေမှာစိုးလို့ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကိုပြောတယ်. . . ။ (မှန်ပါ့)၊ ဒါက ယုံမှားခြင်းကင်းတဲ့ ပုဂ္ဂိုလ်မှလည်း ဒီမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိက ဖြစ်နိုင်တာ ကိုး. . . ။ (မှန်ပါ့)။

## နိဗ္ဗာန်တော့ တိုက်ရိုက်မဟုတ်ဘူး

ဒီလိုတော့ ကျေးဇူးများတယ်ဘုရား. . . တဲ့၊ နိဗ္ဗာန် တော့တိုက်ရိုက်မဟုတ်ဘူးတဲ့. . . ။ (မှန်ပါ့)၊ သဘောပါပ လား. . . ။ (ပါပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိက လည်း ဘယ်များ ကျေးဇူးပြုသတုံးကွဆိုတော့ အို. . . တပည့်တော်တို့ ဘင်္ဂဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒဆိုတဲ့ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိကို သွားပြီး သူက ကျေးဇူးပြုတယ်ဘုရား၊ နိဗ္ဗာန်တော့ မရောက်သေးဘူးတဲ့. . . ။ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်အကျိုးငှာတော့ မဟုတ်သေးဘူးတဲ့. . . ။ (မှန်ပါ့)၊ တစ်ခုချင်း ကျေးဇူးပြုသွားတာပါတဲ့၊ ရှင်းပလား. . ။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိကလည်း ဉာဏ် စဉ်တွေ တက်ပြီးသကာလ နေပြောသော်လည်း နိဗ္ဗာန်ကို မြင်လည်း မမြင်ရသေးဘူး၊ ရောက်လည်း မရောက်သေး ဘူး. . . ။ (မှန်ပါ့ဘုရား)။

နောက်ကျလာတဲ့အခါကျတော့ မဂ်ဉာဏ်ဆိုတာ ပေါ်လာနေတယ်နော်၊ ဉာဏဒဿနဝိသုဒ္ဓိဆိုတာ ဉာဏ် စင်ကြယ်သွားပြီး. . . ။ (မှန်ပါ့)၊ ဉာဏ်စင်ကြယ်သွားတဲ့ တရား အဲဒါ နိဗ္ဗာန်လားလို့ မေးတော့ သူကလည်း ဖြစ်ပျက် ပဲ ရှိနေတယ်. . . ။ (မှန်ပါ့ဘုရား)။

## ဝိသုဒ္ဓိ (၇) ပါး သည် နိဗ္ဗာန်လား

ဒါဖြင့် ဒကာ ဒကာမတို့ ဝိသုဒ္ဓိခုနစ်ပါးသည် နိဗ္ဗာန်လား မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . .။ (မဟုတ်ပါ)၊ နိဗ္ဗာန်ကို အဆင့်အားဖြင့် ကူညီပြီး ကျေးဇူးပြုကြောင်းတရား. .။ (မှန်ပါ့)။

အဆင့်ဆင့်အားဖြင့် (ကူညီပြီး ကျေးဇူးပြုကြောင်းတရားပါဘုရား)။

ကျေးဇူးပြုကြောင်းတရားဆိုတာ ၁-က ၂-ကိုပေါ့ဗျာ. . .။ (မှန်ပါ့)၊ ၂-က ၃-ကို၊ ၃-က. . . (၄-ကိုပါ)၊ ၄-က (၅-ကိုပါ)၊ ၅-က. . . (၆-ကိုပါ)။ ၆-က (၇-ကိုပါဘုရား)။

အဲ. . အဲဒီကနေမှ ဆက်မှသာလျှင် ဟိုဘက် နိဗ္ဗာန်ကိုးဗျ. . .။ (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ကိုအဆင့်ဆင့်ကျေးဇူးပြုတဲ့တရား

ဒါနဲ့ရှင်သာရိပုတ္တရာက သဘောကျသွားတယ်၊ အင်း. . . မင်းကလည်း ဉာဏ်ထက်ပါပေကွာ၊ ဒါတွေ နိဗ္ဗာန်မဟုတ်ဘူးဆိုတာ၊ တို့ ဘုရားဆီ ကျင့်တော့လည်း ဒီအကျင့်တွေ ကျင့်ရတာပဲကွတဲ့. . .၊ တို့ ဒါတွေကို နဂိုက နိဗ္ဗာန်ရောက်ကြောင်း အကျင့်လို့ ထင်တော့ ထင်ခဲ့တယ်၊ စင်စစ်

တော့ဖြင့် နိဗ္ဗာန်ကို အဆင့်ဆင့် ကျေးဇူးပြုတဲ့တရား၊ နိဗ္ဗာန် မဟုတ်ဘူးဆိုတာ ရှင်းပြီကွာတဲ့. . . ။ (မှန်ပါ့)၊ ရှင်သာရိပုတ္တရာက တာဝန်ခံတယ်. . . ။ (မှန်ပါ့ဘုရား)။

သို့သော်လည်း ဘုရားတဲ့၊ အရှင်ဘုရား ရှင်းသည် ထက်ရှင်းအောင် "ဥပမာယ ပိမေ ကစ္စေ ဝိညူ ပုရိသာ ဘာသူ တဿ အတ္ထံ အာဇာနန္တိ" တပည့်တော် ဥပမာ ကလေးတစ်ခုဆောင်ပြလို့ရှိရင် အရှင်ဘုရားပိုပြီး ရှင်းမယ်တဲ့. . . ။ (မှန်ပါ့)။

ဥပမာဆောင်ပြရင်. . . (ပိုရှင်းမှာပါ)၊ ပိုရှင်းမယ်တဲ့ အဲဒါကြောင့် အရှင်ဘုရားသည် ဥပမာကလေးတစ်ခု နားထောင်စမ်းပါတဲ့၊ ရှင်ပုဏ္ဏက ပြောပြီ. . . ။ (မှန်ပါ့ဘုရား)။

သာဝတ္ထိပြည်မှာ ပသေနဒီကောသမင်းကြီးရှိတယ်တဲ့၊ ကိစ္စတစ်ခုရှိတာနဲ့ သာကေတကို သွားတယ်တဲ့၊ သူ့အမျိုးသူ့အဆွေတွေရှိတဲ့ သာကေတမြို့သွားတယ်. . . ။ (မှန်ပါ့ဘုရား)။

## သာဝတ္ထိပြည်က၊ သာကေတမြို့ကိုသွားတယ်

အဲဒီတော့ ဒီသာကေတမြို့ကလည်းတဲ့ ခုနစ်ယူဇနာ ဝေးတယ်လို့ ထားပါတဲ့. . . ။ (မှန်ပါ့)၊ အဲဒါ ရှေးက

မော်တော်ကားခေတ်၊ လေယာဉ်ပျံခေတ်ကလည်း မဟုတ်တော့ သူက ပြောရှာတယ်၊ မြင်းရထားတစ်ခုကို စီးတယ်၊ သာဝတ္ထိပြည်ကနေ စီးသွားတော့ တစ်ယူဇနာပြည့်တဲ့အခါ ဒီမြင်းက မသွားနိုင်၊ မလာနိုင်တော့ ဟိုဘက်က မြင်းလှည်းကနေပြီး ဆက်ပြီး ကြိုရတယ်၊ ဒီလိုပဲ ခုနစ်ဆက်ပြည့်အောင် ကြိုရတယ် ဆိုကြပါစို့. . . ။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ခုနစ်ဆက် ကြိုကြိုပြီး မြင်းလှည်းတွေ ပြောင်းပြောင်း-ပြောင်းပြောင်း စီးသွားတော့ ဒကာသစ် ခုနစ် ခုမြောက် လှည်းကဆင်းလိုက်တော့ သာကေတမရောက်ဘူးလား. . . ။ (ရောက်ပါတယ်ဘုရား)။

## တစ်ယူဇနာမှာတစ်ခါလဲတယ်

အဲဒီတော့ကို မြင်းရထားခုနစ်စင်းနဲ့ တစ်ယူဇနာမှာ တစ်ခါလဲ၊ တစ်ယူဇနာမှာ တစ်ခါလဲဆိုတော့ ခုနစ် ယူဇနာကျတော့ ခုနစ်ခါလဲရတယ်. . . ။ (မှန်ပါ့)၊ ခုနစ်ခါလဲလို့ ဆင်းတော့မှ သာကေတဆိုတဲ့ သူဆွေမျိုးရှိတဲ့ နေရာ ရောက်ပါတယ်. . . ။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဆွေမျိုးတွေက မေးကြတယ်ဘုရားတဲ့၊ အရှင်မင်းကြီး အခုရထားနဲ့ပဲ ရောက်လာသလားလို့ မေးကြတယ်. . . (မှန်ပါ့)၊ မေးကြတော့ သူ အမှန်ဖြေရလို့ရှိရင်ဖြင့်

ဩော်. . . သာဝတ္ထိပြည်က ထွက်တဲ့အခါမှာ တစ်ယူဇနာ မြင်းလှည်း တစ်ခါစီးခဲ့ရပါတယ်၊ နောက် ဆင်းရပါတယ်. . ။ (မှန်ပါ့ဘုရား)၊ နောက် တစ်ယူဇနာ တစ်လှည်းစီးရပါတယ်၊ နောက် ဆင်းရပါတယ်လို့ သူ ခုနစ်ခါ ဖြေမှာပဲတဲ့. . .။ (မှန်ပါ့)၊ ရိပ်မိပလား. . . ။ (ရိပ်မိပါပြီဘုရား)။

ဒီအတိုင်းပါပဲတဲ့ ဒကာကြွယ်ရ၊ သီလဝိသုဒ္ဓိက ဆင်းပြီး စိတ္တဝိသုဒ္ဓိ တက်ရမှာပဲ. . . ။ (မှန်ပါ့)၊ စိတ္တဝိသုဒ္ဓိ ဆင်းပြီး ဒိဋ္ဌိဝိသုဒ္ဓိတက်ဖို့ပဲ. . . ။ (မှန်ပါ့)၊ ရှင်းပလား. . . ။ (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိဝိသုဒ္ဓိရထားပေါ် စီးပြီးသကာလ ကင်္ခါဝိတရဏ ဝိသုဒ္ဓိရထားတက်ဖို့ပါပဲ. . . ။ (မှန်ပါ့)၊ ကဲ. . . ဒကာကြွယ် ရိပ်မိပလား. . . ။ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဘက်က ဉာဏဒဿနဝိသုဒ္ဓိက ဆင်းတဲ့ အခါကျတော့မှ သူ့သာကေတမြို့နဲ့တူတဲ့ နိဗ္ဗာန်ရောက်ပါ တယ်။ (မှန်ပါ့ဘုရား)။

## အဆင့်ဆင့်ပို့လို့ရောက်လာတာ

အဲဒီတော့ သာကေတမြို့ရောက်တဲ့အခါ ဆွေတွေ မျိုးတွေက မေးကြတယ်၊ အရှင်မင်းကြီး ဒီရထားနဲ့ပဲ ဒီရထား နဲ့ပဲ ရောက်လာသလားလို့မေးရင် ဒီရထားနဲ့တော့ ရောက်

လာတာ မဟုတ်ပါဘူးတဲ့၊ အဆင့်ဆင့်ပို့လို့ ရောက်လာတာ. . .။ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . .။ (အဆင့်ဆင့်ပို့လို့ ရောက်လာတာပါ)၊ သဘောပါကြပလား. . .။ (ပါပါပြီ)၊ ဘယ်လိုနဲ့ ရောက်လာကြသတုံး. . .။ (အဆင့်ဆင့် ပို့လိုက်လို့ပါဘုရား)။

ဒါဖြင့် ဒီရထားတွေသည် ဒကာဒကာမတို့ ခုနင်က သာကေတပြည်နဲ့တူတဲ့ နိဗ္ဗာန်ကို ရောက်ဖို့ရာသည်ကားလို့ ဆိုရင် သူတို့က အဆင့်ဆင့်ကျေးဇူးပြုမှုသာရှိတယ်၊ နိဗ္ဗာန်မဟုတ်ဘူး. . .။ (မှန်ပါ့ဘုရား)။

အဆင့်ဆင့် (ကျေးဇူးပြုမှုသာရှိပါတယ်၊ နိဗ္ဗာန်မဟုတ်ပါဘုရား)။

နိဗ္ဗာန်တော့ မဟုတ်ဘူး. . .။ (မှန်ပါ့)၊ နိဗ္ဗာန်က သာကေတနဲ့တူတယ်၊ ဒါတွေဟာ ဝိသုဒ္ဓိခုနစ်ပါးက ဦးမာဒင်ရထားခုနစ်စင်းနဲ့ တူတယ်၊ (မှန်ပါ့)၊ ပသေနဒီကောသလမင်းကြီးဟာ ဒကာ ဒကာမတို့ ယောဂီပုဂ္ဂိုလ်နဲ့ တူပါတယ်. . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

သာကေတမြို့က ဘာနဲ့ တူပါလိမ့်. . .။ (နိဗ္ဗာန်နဲ့တူပါတယ်)၊ ဝိသုဒ္ဓိခုနစ်ပါးက. . . (ရထားခုနစ်စင်းနဲ့တူပါတယ်ဘုရား)။

ရထားခုနစ်စင်းကိုပြောင်းစီးတဲ့ ပဿေနဒီကောသလ မင်းကြီးနဲ့ ဘာနဲ့ တူသလဲ. . .။ (ယောဂီပုဂ္ဂိုလ်နဲ့ တူပါတယ်)၊ အလုပ်လုပ်တဲ့ ယောဂီတွေနဲ့ တူပါတယ်. . .။ (မှန်ပါ့)၊ ဒကာကြွယ် ရိပ်မိပလား. . .။ (ရိပ်မိပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အတွက် နည်းနည်းကလေး စကားထည့်ပေးရတော့မယ်. . .။ (မှန်ပါ့)။

အခု ဘုန်းကြီးက ဟောတော့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြည့်ပြီးသကာလ ဖြစ်မှုပျက်မှုတွေကို နှလုံးသွင်းပါ မပြောဘူးလား. . .။ (ပြောပါတယ်ဘုရား)။

ဖြစ်မှု, ပျက်မှု နှလုံးသွင်းပါဆိုတော့ ဩော်. . . ငါတို့သည် ဘယ်ရထားရောက်ပြီဆိုတာ သိရအောင်ဆိုတော့ ဒကာဒကာမတို့ သိကလည်း ခင်ဗျားတို့ စီစဉ်ပြီးသားမို့ သီလရထားကလည်း ဆင်းခဲ့ပြီ. . .။ (မှန်ပါ့)၊ သမာဓိက လည်း ဒီအထဲ အလုပ်ခွင်ပါသွားလို့ သမာဓိကိစ္စကလည်း ပြီးခဲ့ပြီ. . .။ (မှန်ပါ့ဘုရား)။

ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ ဆရာသမားက ရုပ်နာမ်သာရှိတယ် ဆိုပြီးသကာလ ရုပ်နာမ်တွေ ခွဲပေးခဲ့ကတည်းက ဒိဋ္ဌိသိသုဒ္ဓိ ရထားကလည်း ခင်ဗျားတို့ ဆင်းခဲ့ပါပြီ. . .။ (မှန်ပါ့)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

ကန္ဒါဝိတရဏာဝိသုဒ္ဓိဆိုတာ နေ့တိုင်း ပဋိစ္စသမုပ္ပါဒ် ပြနေတော့ ခန္ဓာကိုယ်မှာ ယောက်ျား၊ မိန်းမရယ်. . . လို့ မရှိပါဘူး၊ အကြောင်းနဲ့အကျိုးတွေသာ ရှိပါတယ်ဆိုတော့ ဒီရထားကလည်း. . . လေးခုမြောက်ရထားကလည်း ဆင်းခဲ့ပြီ. . . ။ (မှန်ပါ့)။

## ငါးခုမြောက်ရထားဆိုတာ

တစ်ခါ ငါးခုမြောက်ရထားဆိုတာ ဖြစ်ပျက်ရှုနေပြန်တော့လည်း ဒကာဒကာမတို့ ဒါ. . . ငါးခုမြောက်ရထားပေါ်မှာ ရောက်နေတာ. . . ။ (မှန်ပါ့)။

ကဲ. . . ရထား ဘယ်နှစ်စင်းပြီးသွားပလဲ. . . ။ (ငါးစင်းပြီးသွားပါပြီဘုရား)၊ အံမာလေး. . . ဦးမာဒင်-ဒါဖြင့် နှစ်စင်းကျန်တော့တယ်. . . ။ (မှန်ပါ့)။

ဒကာကြွယ် ဘယ်နှစ်စင်းကျန်သေးသလဲ. . . ။ (နှစ်စင်းကျန်ပါတော့တယ်ဘုရား)၊ နှစ်စင်းတောင်မှလည်း အပြည့်အစုံ ဒကာဒကာမတို့ ဟိုရောက်သည့်တိုင်အောင် မလိုတော့ဘူး. . . တဲ့၊ ခန္ဓာကိုယ် ရွံ့မုန်းငြီးငွေ့လာတယ် ဆိုလို့ရှိရင်ပဲ ခြောက်ခုမြောက်အစင်းပေါ်လည်း သူရောက်နေပါပြီ. . . ။ (မှန်ပါ့)၊ သဘောကျပလား. . . ။ (ကျပါပြီ)၊ နောက်ဖြစ်ပျက်များ အဆုံးမြင်လိုက်လို့ရှိရင် ခုနစ်ခုမြောက် ရထားပေါ် ရောက်တယ်. . . ။ (မှန်ပါ့)။

ဖြစ်ပျက်အဆုံးမြင်လိုက်ရင်. . . (ခုနစ်ခုမြောက် ရထားပေါ် ရောက်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် တို့ သာကေတဆိုတဲ့ နိဗ္ဗာန်တော့ ရောက်တော့မှာပဲ. . .။ (မှန်ပါ့)၊ တည်းတည်းလိုကြတော့ တယ်. . .။ (မှန်ပါ့ဘုရား)။

ဒကာကြွယ်ဘယ်လောက် လိုတော့သလဲ. . .။ (တည်းတည်းကလေး လိုပါတော့တယ်ဘုရား)။

## ကိုယ့်အလုပ်နဲ့ကိုယ်ချိန်ပါ

နောက်က ဒကာဒကာမတွေ ကိုယ့်အလုပ်နဲ့ ကိုယ် ချိန်ပါ. . .။ (မှန်ပါ့)၊ ဖြစ်ပျက်မြင်တယ်ဆိုရင် နောက်ဆုံး မြောက်သုံးစင်းပေါ် ရောက်ပြီ-။ (မှန်ပါ)၊ ဖြစ်ပျက်မုန်းတယ် ဆိုရင် ဒကာဒကာမတို့ နောက်ဆုံးနှစ်စင်းပေါ် ရောက်ပြီ. . . (မှန်ပါ့)။

အလုပ်သမားတွေအတွက်မှာဖြင့် ဒီနေ့ဥစ္စာ ကိုယ်စီး ပြီးသား ရထားတွေကို ကိုယ်ဆင်းပြီးသကာလ ရောက်ခါနီး ရထားတွေပေါ် တက်နိုင်တယ်ဆိုတာ ယနေ့ ရှင်းသွားပြီ. .။ (မှန်ပါ့)။

အခု ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ တချို့ ဒကာ ဒကာမတွေမှာ ခြောက်စင်းမြောက်တောင် တက်ပြီး စီးနေ

တာရှိပြီ. . . ။ (မှန်ပါ့)၊ တချို့ကျတော့လည်း ဒကာဒကာမ တို့ ငါးစင်းမြောက်လောက်ပဲ ရှိချင်ရှိကြမယ်. . . ။ (မှန်ပါ့)၊ ဘာမှ မလုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် သာကေတဆိုတဲ့ နိဗ္ဗာန်နဲ့ ဘယ်အခါမှ မနီးလို့ အဝေးကြီးပါပဲ. . . ။ (မှန်ပါ့)၊ ပေါ်ကြ ပလား. . . ။ (ပေါ်ပါပြီ)။

ဘာမှမလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ရထားခုနစ်စင်း တစ်စင်းမှမစီးတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် နိဗ္ဗာန်တည်း ဟူသော သာကေတနဲ့ ဒကာကြွယ်ဘယ်လောက်ဝေး သတုံး. . . ။ (အဝေးကြီးပါဘုရား)၊ ပေါ်ကြပလား. . . ။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် မလုပ်ဘဲနဲ့ဖြင့် မရဘူး. . . ။ (မရပါဘုရား)၊ သူ့ရထားနဲ့ သူ့ရထားနဲ့ဆင်းကာ၊ တက်ကာ၊ ဆင်းကာ၊ တက်ကာ၊ သွားမှရတဲ့ အဓိပ္ပာယ်ကို ရှင်ပုဏ္ဏက ရှင်သာရိ ပုတ္တရာကို ဖြေပြတာ၊ ဦးမာဒင် ကောင်းကောင်း ရိပ်မိပြီ. . ။ (မှန်ပါ့)၊ ဒကာကြွယ် ဘယ့်နှယ်နေသတုံး. . . ။ (ရိပ်မိပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာသစ်, ရေ. . . သူ့နေရာနဲ့သူ တက်စီးပြီး သူ့နေရာနဲ့သူကျတော့ ဟိုရထားပြောင်းစီးလိုက်၊ ရှေ့ရထားပြောင်း, ပြောင်းစီးသွား. . . ။ (မှန်ပါ့)။

## ဒီတရားဟောတာဘယ်အကျိုးငှာတုံး

အဲဒီတော့ ယနေ့ ဒီတရားကို ဆရာဘုန်းကြီးက လေးလေးနက်နက်နဲ့ တစ်ခါဟောပြောပြနေတာ၊ ဘယ်အကျိုးငှာတုံးမေးတော့ ကိုယ်ဘယ်ရထား ရောက်နေတယ်ဆိုတာ သိအောင်လို့. . . (မှန်ပါ့)၊ ရှင်းပလား. . .။ (ရှင်းပါပြီဘုရား)။

ဘာတုံး. . .။ (ကိုယ် ဘယ်ရထားရောက်နေတယ်ဆိုတာ သိအောင်လို့ပါဘုရား)။

အဲဒီတော့ ရထားခုနစ်စင်းပို့မှ သာကေတနဲ့တူတဲ့ နိဗ္ဗာန်ရောက်မှာ၊ ကိုယ်က ဟာ. . . ငါးခုမြောက် ရထားပေါ်မှာ ရောက်ပြီး ခြောက်ခုမြောက် ရထားပေါ်ရောက်ပြီဆိုလို့ရှိရင် အနီးကလေးကျန်တော့တယ်. . .၊ အနီးကလေးကျန်တော့တယ်ဆိုတဲ့ ဝမ်းသာလုံးကြီးဟာ ဒကာကြွယ်၊ ရေ. . . နည်းလှမယ် မဟုတ်ပါဘူး. . .။ (မနည်းပါဘုရား) နည်းပါ့မလား. . .။ (မနည်းပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ဖြစ်ပျက်မြင်လို့ရှိရင် ဖြင့် ငါးခုမြောက် ရထားပေါ် ရောက်ပါပြီ. . .။ (မှန်ပါ့)၊ ဖြစ်ပျက်မုန်းရင် ခြောက်ခုမြောက် ရထားပေါ် ရောက်ပါပြီ. . .။ (မှန်ပါ့)။

ဖြစ်ပျက်တွေ ဉာဏ်ထဲမှာကြည့်ရင်းမတ္တနဲ့ မလိုချင်လို့ ဆုံးသွားလို့ရှိရင်ဖြင့် ခုနစ်ခုမြောက် ရထားပေါ် ရောက်လို့ ဆင်းတောင်ဆင်းပါပြီ. . .။ (မှန်ပါ့)၊ ရိပ်မိပလား. . .။ (ရိပ်မိပါပြီ)။

အဲဒီတော့ ဒကာကြွယ်ရေ. . . ကိုယ့်ရထား ကိုယ်ကြည့်ပြီး နီးပြီဆိုတာ သိတယ်နော်. . .။ (မှန်ပါ့)။

ကိုယ်စီးတဲ့ရထား ကိုယ်ကြည့်ပြီး. . . (နီးပြီဆိုတာ သိပါတယ်ဘုရား)။

နို့ - မဟုတ်ရင် နိဗ္ဗာန်ဆိုတာ သူများက အရေးကြီးလို့ ဟောတယ်. . .။ (မှန်ပါ့)၊ မင်းတို့ အိမ်ထောင်သည်တွေ၊ သားနဲ့၊ သမီးနဲ့၊ တို့လို့တန်းလန်းတွေနဲ့၊ သားဝတ်၊ လင်ဝတ်တွေနဲ့ မင်းတို့သည်ကား ဝေးပါသေးတယ်ကွာ. . .။ (မှန်ပါ့)။

ဟ. . . ဝေးတာသာ သူ ပြောနေတာ၊ လုပ်ကြည့်တဲ့ ပုဂ္ဂိုလ်မှာ ဘယ်ရထားကို စီးမိတယ်ဆိုတာသိတော့ လုပ်ကြည့်တဲ့ ပုဂ္ဂိုလ်က ဒကာ ဒကာမတို့ ကိုယ့်အကြောင်း ကိုယ်သိပြီး သကာလ ဝေးတယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဒီရထားခုနစ်စင်း ဉပမာ-ရှင်သာရိပုတ္တရာက အမေးသမား၊ ရှင်ပုဏ္ဏက အဖြေသမား၊ ဒါတွေကို မလေ့လာလို့၊ ဝိသုဒ္ဓိခုနစ်ပါး မလေ့လာလို့ ပြောတာကိုးဆိုတာ ပေါ်လာတယ်. . .။ (ပေါ်လာပါတယ်ဘုရား)။

ဒကာကြွယ် တယ်အဖိုးတန်ပါကလား. . .။ (တန်ပါ
တယ်ဘုရား)၊ ဒကာ ဒကာမတို့ ဒီနေ့တရားသည်ကား. . .
လို့ဆိုလို့ရှိရင်ဖြင့် ကိုယ်နီးတာ၊ ဝေးတာကို ကိုယ်ကိုယ်တိုင်
ရထားက ပြပါတယ်. . .။ (မှန်ပါ့)။

ကိုယ်နီးတာ၊ ဝေးတာကို. . . (ကိုယ်ကိုယ်တိုင်
ရထားက ပြပါတယ်ဘုရား)၊ အဲ. . . ကိုယ်စီးနေတဲ့ ရထား
က ပြောနေတယ်. . .။ (မှန်ပါ့)၊ ဖြစ်ပျက်မြင်ရင် ၅-နံပါတ်
ရထား၊ ဒကာဒကာမတို့ စီးမိပြီနော်. . .။ (မှန်ပါ့)။

ဖြစ်ပျက် မုန်းလို့ရှိရင် ၅-နံပါတ်ရထားက ဆင်းပြီး
၆-နံပါတ် ရထားပေါ် ရောက်နေပြီ. . .။ (မှန်ပါ့)၊
သဘောကျပလား. . .။ (ကျပါပြီဘုရား)။

## ဖြစ်ပျက်မုန်းရင် ၆–နံပါတ် ရထားပေါ် ရောက်ပြီ

ဒါဖြင့် ဖြစ်ပျက်မုန်းတော့ ၆-နံပါတ် ရထားရဲ့
အပေါ်ရောက်နေပြီဆိုတော့ ဒကာသစ်ရေ. . . နောက်
ရထားဘယ်နှစ်စင်း၊ ကျန်သေးသတုံး. . .။ (တစ်စင်းကျန်ပါ
တော့တယ်ဘုရား)။

ဩော်. . . ဦးမာဒင် တစ်စင်းတည်း ကျန်တော့
တယ်. . .။ (မှန်ပါ့)၊ ဒါဖြင့် အဝေးကြီး ဆိုမလား၊ အနီး
ကလေး ဆိုကြမလား. . .။ (အနီးကလေးပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ လက်ထက်မှာဖြင့် ဒကာ ကြွယ်ရေ. . . နိဗ္ဗာန်အဝေးကြီးဆိုတာ မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်တော့ မှန်ပေလိမ့်မယ်. . .။ (မှန်ပါ့ဘုရား)၊ လုပ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ အခု ရှင်ပုဏ္ဏနဲ့ ရှင်သာရိပုတ္တရာ အမေး-အဖြေလုပ်တာ ထောက်လိုက်သဖြင့် ဒကာသစ်, ရေ. . . ကိုယ်စီးတဲ့ ရထားနဲ့ ကိုယ်ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)။

နီးတာ၊ ဝေးတာ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ. . .။ (ကိုယ်စီးတဲ့ ရထားနဲ့ ကိုယ်ဆုံးဖြတ်ချက် ချရပါမယ် ဘုရား)။

ဥပမာမယ် သီလဆောက်တည်နေတယ်ဆိုရင် သီလဖြူစင်ရင် ပထမရထားတက်ပြီ. . .။ (မှန်ပါ့)။

ဒီအထဲကနေပြီး ငါသည် အာနာပါနကလေး လုပ်လိုက်ဦးမယ်၊ သမာဓိကလေးတည်အောင် လုပ်လိုက်ပါဦးမယ်ဆိုရင် ပထမရထားကဆင်းပြီး ဒုတိယရထားတက်မိပြီ. . .။ (မှန်ပါ့)။

ဒီကနေပြီးသကာလ ဆရာကောင်း၊ သမားကောင်းဆီ ရုပ်နာမ်ခွဲတာတွေ နာလိုက်ရတော့ ဒုတိယရထားကဆင်းပြီး တတိယရထားတက်ပြီ. . .။ (မှန်ပါ့)။

နောက် ဒီဆရာသမားက ပဋိစ္စသမုပ္ပါဒ်အကြောင်း အကျိုးသာရှိတယ်၊ ခန္ဓာကိုယ်မှာလို့ သိပြန်တော့လည်း စတုတ္ထမြောက် ရထားတက်တယ်. . .။ (မှန်ပါ့)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

နောက်ကျတော့ ဒီတွင် မနေနဲ့ကွာ၊ မင်းတို့ဒါတွေက သိမှုတွေက၊ ရှုမှုလုပ်ပါဦးဆိုတော့ ဖြစ်ပျက်တွေ မြင်လာတယ်. . .။ (မှန်ပါ့)၊ ပဥ္စမမြောက် ရထားတက်တယ်. . .။ (မှန်ပါ့)။

နောက်ကျလာတော့လည်း ဦးမာဒင်တို့၊ ဒကာကြွယ်တို့ မြင်ရုံတွင် မနေဘဲ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ခင်ဗျားတို့ ကိုယ်တိုင် မုန်းလာလိမ့်မယ်. . .။ (မှန်ပါ့)။

မုန်းလာရင်ပဲ ဒကာဒကာမတွေက ဘယ်ရထား တက်ပြီတုံး. . .။ (ခြောက်စင်းမြောက်ရထားပါ)၊ ခြောက်စင်းမြောက်ရထားတက်ပြီ. . .။ (မှန်ပါ့)။

ကဲ. . . ဒကာကြွယ်က ဆုံးဖြတ်ချက်က၊ ရထားက ခုနစ်စင်းမှာ ခြောက်ခုပေါ်တောင် တက်မိမှ နိဗ္ဗာန်နဲ့ နီးသလား၊ ဝေးသနားလို့မေးဖို့ အတော်ရှင်းနေတယ်. . .။ (ရှင်းပါတယ်)၊ ဒကာသစ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . .။ (နီးပါတယ်ဘုရား)၊ ခုနစ်ခုမြောက် ရထားပေါ် တက်မိပြီး ဆင်းရင်နိဗ္ဗာန်ကိုး. . .။ (မှန်ပါ့ဘုရား)။

ဒီတော့ ဖြစ်ပျက်တွေမုန်းတော့ ဆရာဘုန်းကြီးက သတိပေးတယ်. . .။ (မှန်ပါ့ဘုရား)၊ ဒကာကြွယ်တို့၊ ဦးမာဒင်တို့ မုန်းတာမှ လူတောင်ထွက်ပြေးချင်တယ်. . .။ (မှန်ပါ့)။

## အဆုံးမြင်လိုက်တယ်ဆိုရင်

ဒီဟာ မရှိချင်လိုက်တာ လွန်လို့. . .။ (မှန်ပါ့)၊ စိတ်တွေ ဘာတွေများ ညှိုးငယ်လာတယ်. . .။ (မှန်ပါ့)၊ ပေရှုပါ၊ ပေရှုပါ၊ စူးစူးစိုက်စိုက် ပေရှုပါလို့ ခိုင်းလိုက်တော့ မုန်းရာက နေပြီး ဒါတွေ ဒုက္ခသစ္စာမြင်ပြီး ဆုံးသွားတယ်လို့ အဆုံးမြင်လိုက်တယ်ဆိုရင် ဒကာသစ်, ရေ. . . ခုနစ်ခုမြောက် ရထားပေါ်တက်ပြီ. . .။ (မှန်ပါ့)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

အဲဒါ တက်ပြီးတယ်ဆိုကတည်းက နောက်ကျတော့ မဂ်ပေါ်တက်ပြီးသကာလ ဒကာ ဒကာမတွေက ကိုင်းအားလပ်တဲ့အခါ ဖြစ်ပျက်ရှုဦးမယ်ဆိုပြီး ရှုလိုက်တော့မဂ် မပေါ်လာဘဲနဲ့ တစ်ခါတည်း နိဗ္ဗာန်ပေါ်လာတာပဲ . . . (မှန်ပါ့)။

ကိုယ့်ဉာဏ်ထဲက နိဗ္ဗာန်ကြီးမြင်နေလို့ . . . (မှန်ပါ့)၊ အဲဒီကျတော့ သာကေတရောက်သွားပြီ . . . (မှန်ပါ့)။ ခုနစ်ခု ကတောင်ဆင်းလိုက်ပြီး . . . (မှန်ပါ့)၊ ရိပ်မိပလား ဒကာသစ် . . . (ရိပ်မိပါပြီဘုရား)။

အားလုံး ဒကာ ဒကာမတွေ နိဗ္ဗာန်ဝေးတယ် နီးတယ်ဆိုတာ ကိုယ့်ဉာဏ်နဲ့ကိုယ် တိုင်းတတ်ပလား. . .။

(တိုင်းတတ်ပါပြီဘုရား)၊ ဒါဖြင့် ဒကာကြွယ်,ရေ. . နိဗ္ဗာန် အဝေးကြီးဆိုတဲ့ စကားတွေဟာ အလုပ်ပေါ်မှာ မပါလို့ ပဲ. . . ။ (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . ။ (အလုပ်မပါလို့ ပါဘုရား)၊ အလုပ်မပါဘဲနဲ့ သူ့ဟာသူ ရမ်းပြောနေတဲ့ အဓိပ္ပာယ်. . . ။ (မှန်ပါ့ဘုရား)။

ပေတံမပါဘဲနဲ့ ဘယ်နစ်ပေရှိတယ်၊ ဘယ်လောက် ဝေးပါတယ်လို့ ပြောသလိုပေါ့ဗျာ. . . ။ (မှန်ပါ့)၊ ဟို နဂိုက တိုင်းထားလို့ရှိရင် နိဗ္ဗာန်သည်ကားလို့ဆိုရင် ပေပေါင်း ဘယ်လောက်ဝေးတယ်လို့ ဆိုလို့ရှိရင်ဖြင့် မတိုင်းဘဲနဲ့ အဝေးကြီးလို့ ပြောတာနဲ့ တိုင်းပြီးသား ပုဂ္ဂိုလ်က ခုနစ်ပေ လောက်ပဲ ဝေးတယ်ဆိုတာနဲ့ဆိုတော့ ခုနစ်ပေ သမားက မှုမှန်ထားရမယ်. . . ။ (မှန်ပါ့ဘုရား)၊ သဘောကျပ လား. . . ။ (ကျပါပြီဘုရား)။

## ဝိသုဒ္ဓိခုနစ်ပါးကိုမှုတည်ထားရမယ်

အဲဒီလိုပဲ ဒီဝိသုဒ္ဓိခုနစ်ပါးကို ဦးမာဒင်တို့က မှုတည် ထားရမယ်. . . ။ (မှန်ပါ့)၊ ဖြစ်ပျက်မြင်ရင် ငါးခုမြောက် ရထားကို. . . (တက်ပါပြီဘုရား)၊ ဖြစ်ပျက်မုန်းရင်. . . (ခြောက်ခုမြောက် ရထားတက်ပါပြီ)၊ ဖြစ်ပျက်ဆုံးသွားပြီ. . .

(ခုနစ်ခုမြောက် ရထားတက်ပါတယ်ဘုရား)၊ ကဲ. . . ဒါဖြင့် သာကေတဆိုတဲ့ နိဗ္ဗာန် တစ်ခါတည်း ဆင်းရုံပဲ ကျန်တော့တယ်. . . ။ (မှန်ပါ့)။

ဒကာကြွယ် ဘယ့်နှယ်နေတုံးဗျာ၊ အနီးအဝေး ချိန်တတ်ကြပလား. . . ။ (ချိန်တတ်ပါပြီဘုရား)။

ဩော်. . . ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ရထားနဲ့ ရေတွက်ကြည့်လိုက်တဲ့ အခါကျတော့မှ ဩော်. . . လုပ်ကြည့်လို့ရှိရင်ဖြင့် ကိုယ်ရောက်ရာရထား၊ ကိုယ်စီးနိုင်တဲ့ ရထား၊ ကိုယ်စီးနေတဲ့ရထားသည် နီးတယ်၊ ဝေးတယ်ဆိုတာ ခုနင်ကပြောတဲ့ ဝိသုဒ္ဓိနဲ့ ဝေဖန်လိုက်တော့မှ ဦးမာဒင်၊ ရေ. . . နီးတာ၊ ဝေးတာ ပေါ်လာတယ်. . . (မှန်ပါ့)။

နို့-မဟုတ်လို့ရှိရင် ပါရမီကို ချလိုချ၊ ကံကမကောင်းတာကို ချလိုချ၊ ရောဂါထူလို့ ချလိုချနဲ့ ဒကာကြွယ်၊ ရေ. . . ခင်ဗျားတို့ ဆင်ခြေက များလွန်းတယ်. . . ။ (မှန်ပါ့ဘုရား)။

အခုတော့ ရထားပေါ်တက်မိတာနဲ့ ဆုံးဖြတ်ချက် ချလိုက်တော့ ဆင်ခြေဝင်စရာ ပါသေးသလား. . . ။ (မပါပါဘုရား)။

အဲ. . . ဆင်ခြေဆိုတာ ကိလေသာက ဝင်တာ. . . ။ (မှန်ပါ့)။

ဒီလို အတိုင်းအထွာနဲ့တကွ ခရေစေ့တွင်းကျ မသိသေးလို့ ဆင်ခြေဝင်တာ. . . ။ (မှန်ပါ့ဘုရား)။

အခုတော့ အတိုင်းအထွာနဲ့တကွ ဒကာသစ်တို့၊ ဦးမာဒင်တို့ သိရတော့ ဟ. . . နီးပြီ၊ ဟ. . . နီးပြီဆိုတဲ့ ဥစ္စာကို မာမာခန့်ခန့်ကြီးပြောနိုင်တယ်. . . ။ (မှန်ပါ့)၊ မပြော နိုင်ဘူးလား. . . ။ (ပြောနိုင်ပါတယ်ဘုရား)။

ဖြစ်ပျက်မြင်လို့ရှိရင် ဒကာသစ် ဘယ်နှနံပါတ် တက်မိသလဲ. . . ။ (၅-နံပါတ် တက်မိပါတယ်ဘုရား)၊ ၅- နံပါတ်တက်မိပါတယ်ဆိုကတည်းက ၁-၂-၃-၄ ဒါတွေကို ကျူပ်တို့ ကျော်လာပြီ. . . ။ (မှန်ပါ့)၊ အဲဒီရထားတွေက ဆင်းခဲ့ပြီ၊ ၅-ပေါ် ရောက်နေပြီ. . . ။ (မှန်ပါ့)။

တစ်ခါ ဖြစ်ပျက်ကို မြင်ရုံတွင်မကဘူး၊ ဘုရားတပည့် တော် မုန်းတယ်၊ ရွံတယ်၊ ငြီးငွေ့တယ်ဆိုလို့ရှိရင် ဘယ့်နှယ် ဆိုကြမလဲ. . . ။ (၆-ပေါ်ရောက်ပါတယ်ဘုရား)။

အင်း. . . ရထားခုနစ်စင်းစီးသွားရမယ့်ခရီး ၆- နံပါတ် တက်မိလို့ရှိရင်ဖြင့်၊ နောက်တစ်စင်း စီးမိလို့ရှိရင်ဖြင့် ရောက်တော့မှာပဲ. . . ။ (မှန်ပါ့)။

ဦးမာဒင် နောက်တစ်စင်းတက်မိရင်. . . (ရောက် တော့မှာပါဘုရား)။

## အလုပ်အပေါ်မှာမှီတယ်

အဲဒီတော့ နိဗ္ဗာန်နီးသလား၊ ဝေးသလားဆိုတာသည် ဘယ်သူ့အပေါ်မှာ မှီတယ်ဆိုတာ ရထားခုနစ်စင်းနဲ့တူတဲ့ အလုပ်ပေါ်မှာ မှီပါတယ်။ (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘယ်ပေါ်မှာ မှီပါလိမ့်. . .။ (အလုပ်ပေါ်မှာ မှီပါတယ်ဘုရား)။ အလုပ်ပေါ်မှာ မှီတယ်ဆိုတာ သေချာပလား. . .။ (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုရားဟောထားတယ်၊ "ယဿ ဧတာဒိသံ ယာနံ ဣတ္ထိယာ ပုရိသဿဝါ၊ ဧတေနယာနေန နိဗ္ဗာနဿေဝ သန္တိကေ. . ." ဆိုတာ ဒီယာဉ်ဟောတာပဲ. . .။ (မှန်ပါ့)၊ ဒါဟာ ယာဉ်ရထားတွေပဲ ဒကာ ဒကာမတို့. . .။ (မှန်ပါ့)၊ ရိပ်မိပလား. . .။ (ရိပ်မိပါပြီဘုရား)။

ဒီယာဉ်ရထားတွေရှိလို့ စီးနင်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ စီးနိုင်တဲ့ အလုပ် လုပ်တဲ့ပုဂ္ဂိုလ်ဟာ အနီးကလေးကွတဲ့. . .။ (မှန်ပါ့)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ စဉ်းစားကြည့်ပါတဲ့၊ ၅-နံပါတ်ဆိုတဲ့ မဂ္ဂင်ငါးပါး၊ မဂ္ဂင်ငါးပါးနဲ့ ပြည့်စုံနေပြီ. . .။ (မှန်ပါ့)၊ ဖြစ်ပျက် မြင်တယ်ကိုးဗျ. . .။ (မှန်ပါ့)၊ ၆-နံပါတ်ဆိုလို့ရှိရင် ဖြစ်ပျက်မုန်းတယ်ဆိုလို့ရှိရင်လည်း မဂ္ဂင်ငါးပါးပဲ. . .။ (မှန်ပါ့)၊ ဖြစ်ပျက်အဆုံးမြင်တယ်ဆိုတော့ ရှစ်ပါး. .။ (မှန်ပါ)၊ သဘောကျပလား. . .။ (ကျပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ ပထမယာဉ်၊ ဒုတိယယာဉ် ငါးခုယာဉ်ကနေပြီး ခြောက်ခုယာဉ်တက်ရတာပဲ. . . ။ (မှန်ပါ့ဘုရား)။

ဒီခုနစ်ခုယာဉ်တက်ပြီးလည်း ဒီအပေါ်နေလို့ မဖြစ်ပါဘူး၊ ဒကာကြွယ် ဆင်းရုံပါပဲ. . . ။ (မှန်ပါ့)၊ ဆင်းရင်သာကေတနဲ့တူတဲ့ ဒကာသစ် နိဗ္ဗာန်ပဲ. . . ။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီယာဉ်ပေါ်စီးနေတဲ့ ပုဂ္ဂိုလ်က၊ ယာဉ်ရထားတွေပေါ် စီးနေတဲ့ ပုဂ္ဂိုလ်က ဝေးလေရော့လား၊ နီးလေရော့လား၊ တို့ဖြင့် မောင်းလာတာ ကြာလှပြီလို့ ဒီအဓိပ္ပာယ်မရဘူးလား. . . ။ (မှန်ပါ့ဘုရား)။

ဩော်. . . ဒီရထားပေါ်က ဆင်းလိုက်ရင် ဒုတိယရထားတက်မိပြီဆိုတာ ကိုယ်တိုင် ဆုံးဖြတ်ချက်ချ. . . ။ (မှန်ပါ့)၊ ဒုတိယရထားကဆင်းပြီး တတိယရထားတက်မိပြီဆိုတာကော. . . (ကိုယ်တိုင် ဆုံးဖြတ်ချက်ချရပါမယ်ဘုရား)။

တတိယကဆင်းပြီး စတုတ္ထ တက်မိပြီဆိုတာကော (ကိုယ်တိုင်ဆုံးဖြတ်ချရပါမယ်ဘုရား)၊ စတုတ္ထကဆင်းပြီး ပဥ္စမတက်မိပြီဆိုတာကော. . . (ကိုယ်တိုင်ဆုံးဖြတ်ချက်ချရပါမယ်)၊ ကိုယ်တိုင် ဆုံးဖြတ်ချက်ချတော့ နီးပလား ဒကာဒကာမတို့လို့မေးရင် ဘယ့်နှယ်ဖြေမလဲ. . . ။ (နီးပါပြီဘုရား)။

နီးပြီးတဲ့ရှေ့ရထား ဘယ်နှစ်စင်းသာ ရှိတော့သတုံး. . .။ (နှစ်စင်းသာရှိပါတော့မယ်)၊ နှစ်စင်းကျန်တော့တယ်. . .။ (မှန်ပါ့ဘုရား)။

## နှစ်စင်းကျန်တော့တယ်

ဟာ. . . ဒါဖြင့် ကြိုးစားလိုက်-ကြိုးစားလိုက်ဆိုပြီး သကာလ ဒကာဒကာမတို့ မုန်းအောင် ရှုလိုက်စမ်းပါလို့၊ ဖြစ်ပျက်မြင်ရုံနဲ့ မပြီးသေးလို့ ဖြစ်ပျက်မုန်းသည့်တိုင်အောင် ဒကာသစ် ကြိုးစားလိုက်စမ်းပါဆိုတော့ ဘယ်ပေါ် ရောက်သွားသတုံး. . .။ (၆-နံပါတ်ပေါ် ရောက်သွားပါတယ်ဘုရား)။

ဟာ. . . ခင်ဗျားတို့ ၆-နံပါတ်ပေါ်ရောက်သွားရင် မုန်းနေပြီ၊ မုန်းတဲ့ပုဂ္ဂိုလ်ဟာ မလိုချင်တာ နီးပလား၊ မနီးသေးဘူးလား. . .။ (နီးပါပြီ)၊ ဖြစ်ပျက်မုန်းတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ပျက် မလိုချင်ဖို့ ဦးမာဒင် အနီးကလေးပါ. . .။ (မှန်ပါ့)၊ ဒကာကြွယ် ဘယ့်နှယ်တုံး. . .။ (နီးပါတယ်ဘုရား)။

မုန်းတဲ့ပုဂ္ဂိုလ်ဟာ မလိုချင်ပါဘူးဆိုတော့ ဒီခင်ပွန်းမနဲ့ ပေါင်းနေတာ အကျင့်ကလည်းတန်၊ အရုပ်ကလည်းဆိုး၊ ဝေယျာဝစ္စကလည်း မပြုတတ်၊ မုန်းနေတာ ကြာတော့ကို သူနဲ့ကွာဖို့ ရှင်းဖို့ရာအရေးဟာ ဝေးသေးသလားမေးရင်

ဘယ့်နှယ်ပြောကြမလဲ. . .။ (မဝေးပါ)၊ သဘောပါပ
လား. . .။ (ပါပါပြီဘုရား)။

ကွာဖို့ ရှင်းဖို့ရာ အရေးဟာ. . . (အနီးကလေးပါ)၊ အနီးကလေးပါပဲတဲ့၊ အခု အကြောင်းတစ်ခု ပေါ်လာရင် ကွာမည်ရှင်းမည်ဆိုတဲ့ စကားသည် ဒကာဒကာမတို့ မြန်မြန်ကြီး ထွက်မည့်စကား. . .။ (မှန်ပါ့)၊ ရှင်းပလား. . .။ (ရှင်းပါပြီဘုရား)။

ဒီမှာလည်း မုန်းလာလို့ရှိရင် မလိုချင်တဲ့ဉစ္စာ ဖြစ်ပျက် မုန်းလို့ရှိရင် ဖြစ်ပျက် မလိုချင်ဆိုတဲ့ မဂ်ဉာဏ်ဟာ ခဏကလေး လာတယ်. . .။ (မှန်ပါ့ဘုရား)။

ဒါဖြင့် တစ္ဆေ့ခုနှစ်ပဲ ကျန်တော့တယ်. . .။ (မှန်ပါ့)၊ ဒကာသစ် ဘယ့်နှယ်ဆိုပါ့မလဲ။ (တစ်ဆွေ့ခုနှစ်ပဲ ကျန်ပါတော့တယ်ဘုရား)။

## ဆင်းရင်နိဗ္ဗာန်ရောက်တာပဲ

ဒါဖြင့် ဒကာ ဒကာမတို့ တစ်ဆွေ့ခုနှစ်ဖြင့် ကဲ. . . မုန်းတာ ပေရှုနေလိုက်လို့ရှိရင် မလိုချင်တဲ့ဉာဏ် တက်မိတော့ ၇-နံပါတ် ရထားပေါ် မရောက်ပေဘူးလား. . .။ (ရောက်ပါတယ်)၊ ဖျတ်ဆို ၇-ဆိုတော့ သောတာပတ္တိ မဂ်ဉာဏ် ပေါ်လာပြီး သောတာပတ္တိဖိုလ် ရောက်သွားတော့

ဆင်းတာပဲ. . . ။ (မှန်ပါ့)၊ ဆင်းရင် နိဗ္ဗာန်ရောက်တာပဲ. . ။ (မှန်ပါ့)၊ ရှင်းကြပလား. . . ။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်နီးသလား. . . ဝေးသလား. . . ။ (နီးပါတယ်ဘုရား)၊ ဒို့တော့ဖြင့် ဘယ်ရထားပေါ်ရောက်ပြီ ဆိုတာတော့ ကိုယ့်ဟာကိုယ် စစ်ဆေးကြ. . . ။ (မှန်ပါ့)၊ ရှင်းပြီနော်. . . ။ (ရှင်းပါပြီဘုရား)။

ကိုင်း. . . ယနေ့ ဒီတွင် တော်ကြဦးစို့. . . ။

သာဓု. . . သာဓု. . . သာဓု. . .